# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ် (၁၃၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ် - မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မက တိုးမြှင့်သွားလို

## မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထား

## တရုတ် - မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ HUALUXE Kunming Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တာဝန်ရှိသူများတက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေး လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❑

**ယနေ့ ဖတ် စ ရာ**


**ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ** — ဆောင်းပါး စာ ၁၀

**ယှဉ်ပြိုင်မှုအလွန်ပြင်းထန်သည့် အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆန္ဒရှင်များ ဆန္ဒမဲပေး** — နိုင်ငံတကာသတင်း စာ ၁၃

**ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ACMECS ၏ နှစ်(၂၀) ပြည့်လွန်ကာလမှသည်** — ဆောင်းပါး စာ ၁၄

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပို့ဆောင်နှုတ်ဆက်ကြသူများအား နှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ အဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion(GMS) Summit၊ (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit နှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး 11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit တို့သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော် လေဆိပ်မှ ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

**ဆွေးနွေးဆောင်ရွက်**

အဆိုပါ ခရီးစဉ်အတွင်း ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာသွားကြမည်ဖြစ်ကြောင်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်သဘောဆိုင်ရာ တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်ကို တွေ့ရစဉ်။

**နွေးထွေးစွာကြိုဆို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန်နံနက်ပိုင်းတွင် ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပန်းစည်း ကမ်းခြင်း၊ နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများ ကပြခြင်းတို့ဖြင့် သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်သို့ သွားရောက်လေ့လာကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသူများသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ ယူနန်အသက်မွေးဝမ်းကျောင်းနှင့်စက်မှုလက်မှုနည်းပညာကောလိပ်နှင့် ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ယူနန်အသက်မွေးဝမ်းကျောင်းနှင့်စက်မှုလက်မှုနည်းပညာကောလိပ်China's Training Base For World Skills Competition Information Network Cabling အတွင်း ကေဘယ်ဆိုင်ရာ လေ့ကျင့်ဆောင်ရွက်နေမှုများ လှည့်လည်ကြည့်ရှုအားပေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ကောလိပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကောလိပ်ဆိုင်ရာအချက်လက်များ၊ ကောလိပ်မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သက်မွေးပညာဘာသာရပ်များနှင့် နည်းပညာဆိုင်ရာ ဘာသာရပ်များ၊ မြန်မာနိုင်ငံ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် အပါအဝင် နိုင်ငံတကာမှ သက်မွေးဘာသာရပ်ဆိုင်ရာ သင်ကြားပေးနေသည့် ကောလိပ်များ၊ တက္ကသိုလ်များဖြင့် ဆက်ဆံမှုစနစ် ထူထောင်ထားရှိပြီး ကူးလူးဆက်ဆံ ဆောင်ရွက်လျက်ရှိမှု၊ အတတ်ပညာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များ မွေးထုတ်ပေးလျက်ရှိမှုနှင့် အခြား ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

## လိုက်လံရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကောလိပ်အတွင်းရှိ Electromechanical Training Centre အတွင်း ကမ္ဘာ့အဆင့်အတတ်ပညာဆိုင်ရာ ပြိုင်ပွဲများ၊ ပြပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နည်းပညာရပ်ဆိုင်ရာများ၊ ပြိုင်ပွဲများတွင်ဆုရရှိခဲ့သည့် အဆင့်မြင့်နည်းပညာ အသုံးပြုစက်ကိရိယာများ ခင်းကျင်းပြသထားရှိမှု၊ China's Training Base For World Skills Competition Information Network Cabling အတွင်း ကေဘယ်ဆိုင်ရာ လေ့ကျင့်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယူနန်အသက်မွေးဝမ်းကျောင်းနှင့်စက်မှုလက်မှုနည်းပညာကောလိပ် Electromechanical Training Centre အတွင်း အဆင့်မြင့်နည်းပညာအသုံးပြုစက်ကိရိယာများ ခင်းကျင်းပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်အတွင်းရှိ UAV နှင့် Drone နည်းပညာအသုံးပြု သင်ကြားပို့ချမှုဌာနနှင့် လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။

## လက်တွေ့စမ်းသပ်ပြသ

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကူမင်းသိပ္ပံနှင့်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်အတွင်းရှိ လူသားအစားထိုး အဆင့်မြင့်စက်ရုပ်နည်းပညာ သင်ကြားပို့ချမှုဌာနနှင့် လေ့လာကြည့်ရှုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ် ပါတီအတွင်းရေးမှူး Mr. Teng Jiahua တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ကြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning နှင့် ယနေ့ညနေပိုင်းတွင် ကူမင်းမြို့ရှိ Haigeng Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး**

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုအပ်ပါကြောင်းဖြင့် ဦးစွာပြောကြားပြီး ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား သံတမန်ရေးအရ၊ စီးပွားရေးအရ ကူးလူးဆက်ဆံ ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်၍ နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်မှုများကို အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံသဘောတူညီပြီးဖြစ်သည့် စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့ကိုယ်စားလှယ်အဖွဲ့အား ယူနန်ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် သံတမန်ဆက်ဆံမှု ၇၅ နှစ် စိန်ရတုကာလသို့ မကြာမီ ရောက်ရှိတော့မည်ဖြစ်ပြီး နှစ်နိုင်ငံအကြားနက်ရှိုင်းသည့် ဆက်ဆံရေးကောင်းများရှိကာ အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြောင်းဖြင့် ပြောကြားပြီး နှစ်နိုင်ငံအကြားခွဲခြား၍မရသည့် ဆက်ဆံရေးကောင်းကို ပိုင်ဆိုင်ထားပြီးဖြစ်သကဲ့သို့ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံသည်လည်း ခွဲခြား၍မရနိုင်ဘဲ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်သွားရန်လိုအပ်မှု၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုကို ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကမ္ဘာတစ်ဝန်း၌ တိုးတက်လာသည့် လူဦးရေနှင့်အတူ ကြုံတွေ့လာရသည့် စားရေရိက္ခာလိုအပ်ချက်အား မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်မည့် အရင်းအမြစ်ကောင်းများစွာ ပိုင်ဆိုင်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ သစ်တောထွက် သယံဇာတများကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုမှု၊ ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့အပါအဝင် အခြားသော ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံဘက်မှ အသင့်ရှိသည့် အခြေအနေများနှင့် နှစ်ဖက်ကူးလူးဆက်ဆံသွားလာရေးတွင် လုံခြုံချောမွေ့ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

**၀ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လူသားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

**နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး**

ထို့နောက် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ လူသားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးနှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(ဓါတ်ပုံ)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါတီ အတွင်းရေးမှူးဖြစ်သူ Mr. Teng Jiahua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် တက္ကသိုလ်ရှိ AI နည်းပညာစမ်းသပ်ခန်းအတွင်း၌ တက္ကသိုလ်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ Video Clip ဖြင့် ဖွင့်လှစ်ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်ဖြစ်သူ Mr. Liu Yanwen က AI နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို လက်တွေ့စမ်းသပ်ပြသသည်။

**မေးမြန်းဆွေးနွေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်းရှိ UAV နှင့် Drone နည်းပညာအသုံးပြု လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် ကင်းထောက်နိုင်မှုစွမ်းရည်များအား သင်ကြားပို့ချမှုဌာန၊ လူသားအစားထိုး အဆင့်မြင့်စက်ရုပ်နည်းပညာ၊ အာရုံခံစနစ် အသုံးပြုမှုနည်းပညာအသုံးချမှုစနစ်အား သင်ကြားပို့ချမှုဌာနတို့သို့ လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တက္ကသိုလ် ပါတီအတွင်းရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်ကို ၁၉၅၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၇၀ သက်တမ်းရှိပြီဖြစ်ကာ အင်ဂျင်နီယာဘာသာရပ်ကို အဓိကထား၍ သင်ကြားပို့ချလျက်ရှိသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်းအတွင်း၌ ဆေးဝါး၊ စိုက်ပျိုးရေး အစားအစာ၊ ဇီဝ၊ နည်းပညာများနှင့် သက်ဆိုင်သည့် ဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံနှင့် ဒေသပေါင်း ၄၉ ခုမှ တက္ကသိုလ်များနှင့် သုတေသနစင်တာပေါင်း ၁၉၀ နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၂၄၅ ခုကို လက်မှတ်ရေးထိုးထားရှိပြီးဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအတွက် အင်ဂျင်နီယာနှင့် စီမံခန့်ခွဲမှုစွမ်းရည်သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ နည်းပညာများ သင်ကြားပေးခြင်းနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများအတွက် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သုတေသနနှင့် ဖလှယ်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

## နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွှယ်မှုသည် မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်

**❖ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝကပေးသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာအဓိကထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေ**

**❖ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ သဘာဝမြေသြဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်း ရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးရန် အသင့်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယခုလိုပြောကြားခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ တရုတ်–မြန်မာနှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် မကြာခင်ကာလတွင် စိန်ရတုမှတ်တိုင်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တရုတ်–မြန်မာနှစ်နိုင်ငံပြည်သူများအကြား၊ စီးပွားရေး လုပ်ငန်းများအကြား၊ အစိုးရဌာနများအကြား ကောင်းမွန်သည့် ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ရင်း အပြန်အလှန် ယုံကြည်မှုများ ပိုမိုတိုးတက် ခိုင်မြဲလာသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ ဆက်နွှယ်မှုကလည်း မိမိတို့သွားလိုသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ကို ဖြစ်စေကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သဘာဝအရ တည်ရှိနေသည့် တည်နေရာကြောင့် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ကြီးမားသည့်ဈေးကွက်နှင့် လျင်မြန်စွာတိုးတက်နေသော အာဆီယံဒေသတွင်း၏ အချက်အချာကျသည့် နေရာတွင် ရှိနေကြောင်း။

ယင်းနှင့် ဆက်စပ်ပြီး ပြောရမည်ဆိုပါက မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း ကောင်းစွာဆောင်ရွက်နိုင်သည့် ရာသီဥတုနှင့် မြေအကျယ်အဝန်း ရှိပါကြောင်း၊ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်ပါသေးကြောင်း၊ ယင်းသည် မြေဆီသြဇာ ကြွယ်ဝကောင်းမွန်ပြီး ဓာတုပစ္စည်းများ သက်ရောက်မှုမရှိသေးသည့် စိုက်ပျိုးမြေနေရာများစွာကို ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်းများပင်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အခွင့်အလမ်းများလည်းရှိကြောင်း။

တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများနှင့် ဇီဝနည်းပညာသုံး စိုက်ပျိုးနည်းစနစ်ကို အောင်မြင်စွာ အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် နည်းပညာ လွှဲပြောင်းရယူရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အစားအစာ ဘေးကင်းလုံခြုံမှုရှိပြီး ဂေဟစနစ်ကို ရေရှည်ထိန်းသိမ်းထားနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မိမိတို့၏ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များနှင့် ယခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်သွားရန် ဖိတ်ခေါ်လိုကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲသဘာဝက ပေးသည့် စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကို အသုံးချပြီး ကမ္ဘာပေါ်တွင် စားနပ်ရိက္ခာ အဓိက ထုတ်လုပ်နိုင်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း ထုတ်ကုန်များ တိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့်အတူ အခြေခံလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေသြဇာထုတ်လုပ်ရေး၊ သဘာဝမြေသြဇာထုတ်လုပ်ရေး၊ အပင်အားဆေးနှင့် ပိုးသတ်ဆေးလိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ ယင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် ဆက်သွယ်ဆောင်ရွက်နေသည့် ကုမ္ပဏီအဖွဲ့အစည်းများလည်း ရှိကြောင်း၊ ပိုမိုတိုးတက်လုပ်ဆောင်နိုင်ရန် မိမိတို့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးရန် အသင့်ရှိကြောင်း၊ စက်မှုလယ်ယာကဏ္ဍကို အရှိန်အဟုန်မြှင့်တင်နိုင်မည့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခြွေလှေ့ခြင်း၊ သိုလှောင်ခြင်းတို့အတွက် ခေတ်မီစက်ကိရိယာများ၊ သိုလှောင်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ကြက်၊ ဝက်၊ နွား မွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူပြီး အေးခဲအသားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အနောက်ဘက် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့သည် လူဦးရေများပြားသည့် နိုင်ငံများဖြစ်ပြီး စားနပ်ရိက္ခာ ဈေးကွက်ကြီးမားလှကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကို စက်မှုလယ်ယာအဖြစ် မြှင့်တင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း၊ ထို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ကိုင် ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် သီးခြားကူညီထောက်ပံ့မှုများ ပံ့ပိုးပေးလျက်သည်ကို အလေးထားပြောကြားလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အပြင် အခြေခံစက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါနှင့် ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နေကြောင်း၊ ဝါမှတစ်ဆင့် ချည်မျှင်၊ ၎င်းမှ အထည်အလိပ်များ ထုတ်လုပ်နိုင်ရန်အထိ ရည်ရွယ်ချက်ထား လုပ်ဆောင်နေခြင်းဖြစ်ပြီး ဝါစိုက်ပျိုးနိုင်သည့် မြေနေရာများစွာရှိကြောင်း၊ ရော်ဘာစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲပြီး အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ရော်ဘာကုန်ကြမ်းမှ ဖိနပ်၊ ရော်ဘာလက်အိတ်နှင့် တာယာအမျိုးမျိုးတို့ကို ထုတ်လုပ်နိုင်ရေး ရည်ရွယ်ထားကြောင်း၊ မိမိအနေဖြင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သား၊ သစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်းများအပြင် အဆင့်မြင့်ချည်ထုတ်လုပ်ခြင်း၊ အဆင့်မြင့်ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးဆောင်ရွက်လျက်ရှိသည်ကို သတင်းကောင်းပါးလိုကြောင်း။

မြန်မာနိုင်ငံ၏ ဒေသအများစုတွင် ဝါးနှင့်ကြိမ်တို့ပေါက်ရောက်ကြောင်း၊ ယင်း ဝါးနှင့် ကြိမ်ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်တွင် ယခုထက်ပိုပြီး ဖြန့်ချိနိုင်ရန် လိုအပ်နေကြောင်း၊ ထိုသို့ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကသစ်အခြေခံစက်မှုလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် နည်းပညာနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သည့် ဘိလပ်မြေများကို ပြည်တွင်းတွင် လုံလောက်အောင် မထုတ်လုပ်နိုင်သေးသည့်အတွက် ဘိလပ်မြေထုတ်လုပ်ရေးကဏ္ဍကလည်း အခွင့်အလမ်းများစွာ ရှိနေကြောင်း၊ မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်ရန် အခြေခံကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်၊ ဂျစ်ပဆန်နှင့် ဂေါ်ဒန်ကျောက်များ ပေါကြွယ်ဝကြောင်း၊ ထို့ပြင် နေ့စဉ်မဖြစ်မနေအသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားအတွက်လည်း တရုတ်နိုင်ငံတွင် အောင်မြင်ပြီးဖြစ်သည့် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်လုပ်ငန်းများကို လာရောက်ရင်းနှီးလုပ်ကိုင်စေလိုကြောင်း၊ တရုတ်နိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတွင် ကမ္ဘာ့ဦးဆောင်နေရာကိုရရှိပြီး ဖြစ်သောကြောင့် လျှပ်စစ်ကား လုပ်ငန်းကိုလည်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးလျှပ်စစ်သုံးယာဉ် ထုတ်လုပ်ခြင်း၊ ဘိလပ်မြေ ထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စားသုံးဆီ ထုတ်လုပ်ခြင်းစသည့် ကဏ္ဍများတွင် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လုပ်ကိုင်ပါက ဦးစားပေးပြီး ဝန်ဆောင်မှုများ အထူးပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံ ရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် ၀ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လူကြီးမင်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် အခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ အကြားတွင် နယ်နိမိတ်ချင်း ထိစပ်ရပ်တည်နေသောကြောင့် စားနပ်ရိက္ခာ၊ အခြားကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး အဆင့်မီတိုးမြှင့် ထုတ်လုပ်ရန် အခွင့်အလမ်းရှိသည့်နိုင်ငံ ဖြစ်ကြောင်း။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်မှာ ဆန်၊ ပဲမျိုးစုံနှင့် နှမ်း စသည့်စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံ အချောထည် ထုတ်ကုန်များဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခုလို ပို့ကုန်များကို တန်ဖိုးမြှင့်သစ်အခြေခံ ထုတ်ကုန်များ (Value-added Wood-based Products) အဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရုတ် – မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်မက တိုးမြှင့်သွားလိုကြောင်း၊ ယင်းအတွက်လည်း မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ဆုံရာနေရာ၌ အချက်အချာကျကျ တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်မှု လမ်းဆုံနေရာတွင်ရှိကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍသည်လည်း လူကြီးမင်းတို့အတွက် အလားအလာကောင်းများရှိသည့်အတွက် အသိပေးလိုကြောင်း။

ဒေသတွင်းဆောင်ရွက်ချက်များကို ပြောရမည်ဆိုပါက မြန်မာနိုင်ငံက ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေလ ၁ ရက်မှစပြီး အသက်ဝင်ခဲ့ကြောင်းကို အတည်ပြုပေးခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း RCEP သဘောတူစာချုပ်အရ RCEP ဖောင်ပုံစံများနှင့် ဆက်စပ်အာမခံချက် စာရွက်စာတမ်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှစတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း၊ လူကြီးမင်းတို့အနေဖြင့် စီးပွားရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်၊ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှု ဒေသဆိုင်ရာသဘောတူစာချုပ်(ACFTA)နှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်ခိုင်မာမာနှင့် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဆက်လက်ပြီး မိမိတို့၏ မိတ်ဖက်တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် *စာမျက်နှာ ၇ သို့*

> “ မိမိတို့နိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကဏ္ဍ ၁၂ ခုတွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၃၈ ဘီလီယံ ရှိခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို သုံးသပ်ကြည့်သည့်အခါ စိုက်ပျိုးရေးကဏ္ဍတွင် ၀ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ၁ ဒသမ ၀၄ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၀၅ သန်းကျော် ရင်းနှီးမြှုပ်နှံထားကြောင်း၊ လူကြီးမင်းတို့အနေဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နိုင်သည့် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရန်အတွက် အခုထက်ပိုမိုပြီး ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သွင်းကုန်/ပို့ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် ခိုင်မာအားကောင်းနေသည်ကို ပေါ်လွင်နေကြောင်း ”

စာမျက်နှာ ၆ မှ

လွယ်ကူချောမွေ့စေရန် မိမိတို့၏ ဆောင်ရွက်ချက်အချို့ကို ထပ်မံမျှဝေလိုကြောင်း၊ ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်း ပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ယွမ် - ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယွမ်နှင့် ရင်းနှီးမြှုပ်နှံမှုများ အပြည့်အဝ ပြုလုပ်နိုင်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI) တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ် (၈) ခုတွင်လည်း မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တက်ရောက်လာသည့် လူကြီးမင်းတို့အနေဖြင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့် နည်းပညာဖြန့်ဖြူးခြင်းပိုင်းတွင် ဝင်ရောက်လက်တွဲ လုပ်ကိုင်ကြရန်လည်း အလေးထားဖိတ်ခေါ်လိုကြောင်း။

မိမိတို့ တရုတ် - မြန်မာ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခများနှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်မှုများကို မျက်ကွယ်ပြုပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် အထင်အမြင် လွဲမှားအောင် နည်းမျိုးစုံဖြင့် ပြုလုပ်ပြီး နိုင်ငံရေးအရ၊ စစ်ရေးအရ အမြတ်ထွက်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအစိုးရများနှင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုမရှိဘဲ ဒေသတည်ငြိမ်ရေးအတွက် အန္တရာယ်များကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှု၊ တရားမဝင်လုပ်ငန်းများ လုပ်ဆောင်မှုများသည် ကူးစက်တတ်သည့်သဘောရှိကြောင်း၊ ယင်းသောင်းကျန်းသူများသည် ယခင်အတိတ်ကာလကလည်း နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးလုပ်ငန်းများ၊ မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်ပြီး စစ်ဘုရင်ဝါဒကို အသက်သွင်းခဲ့သည့်သူများဖြစ်ကြောင်း၊ ယခုချိန်တွင်လည်း ဒီမိုကရေစီ အရေး၊ လူမျိုးစုအရေး စသည့်အရေးများကို ရုပ်ပြအဖြစ် အသုံးပြုပြီး စစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်းနေသည်ကို တွေ့မြင်ရကြောင်း၊ “ကျားသေကို အသက်ပြန် မသွင်းမိကြစေဖို့” ပြောလိုကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုသောကြောင့် နယ်စပ်ဒေသတည်ငြိမ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ယခုနေရာမှ မျှဝေခွင့်ရခဲ့ကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။







တရုတ်စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြစဉ်။

## မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးပြောကြား

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းများဆောင်ရွက်ရာတွင် အစိမ်းရောင်ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်မည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံ အစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအား သိရှိလိုမှု၊ နှစ်နိုင်ငံ စီးပွားဆက်သွယ်မှု လမ်းကြောင်းများအား ယခုထက်ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန် လိုအပ်မှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာ ထုတ်ယူမှု လုပ်ငန်းစဉ်အား မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုမှုနှင့် ၎င်းစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြားဆွေးနွေးပေးသည့်အတွက် မြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးကြသည်။

## သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည်ဆွေးနွေးပြောကြား

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဒေါက်တာ ကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံ၏ လျှပ်စစ်မီးသုံးစွဲမှုစနစ်များနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုမှုအပေါ် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားပြည့်မီစွာ ထုတ်ယူသုံးစွဲ နိုင်ရေးအတွက်လည်း ရေရှည်စီမံချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပါအဝင် အခြားနယ်ပယ်စုံ၌ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်လျက်ရှိမှုနှင့် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများနှင့် သွင်းကုန်၊ ပို့ကုန်မူဝါဒများအား တတ်နိုင်သရွေ့ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုများ အဆင်ပြေစေရေးနှင့် ပြည်တွင်းကုန်ဈေးနှုန်းများ ထိန်းသိမ်းနိုင်ရေးတို့အတွက် ကော်မတီများဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်၍ အနောက်အုပ်စု၏ ငွေကြေးပိတ်ဆို့မှုများကြောင့် ငွေကြေးလဲလှယ်မှု နှုန်းထားများ ဖောင်းပွမှုများဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ခဲ့ပြီး ငွေကြေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နိုင်ငံအချင်းချင်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်မှုရှိစေရေးအတွက် ကျပ် - ယွမ်၊ ကျပ် - ဘတ်၊ ကျပ် - ရူပီး တို့ကဲ့သို့ တိုက်ရိုက်ငွေကြေးသုံးစွဲမှု ပုံစံများဖြင့် ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်မှုလုပ်ငန်းစဉ်အား မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုအပေါ် နိုင်ငံတော်အဆင့်စီမံကိန်းအဖြစ် သတ်မှတ်၍ လိုအပ်သည့် ကွင်းဆင်းလေ့လာခြင်းနှင့် လုပ်ငန်းစဉ်များ အဆင့်ဆင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

## ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြား

တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ပြန်လည်ဆွေးနွေးမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင်

စာမျက်နှာ ၈ သို့

*စာမျက်နှာ ၇ မှ*

ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပူပြင်းသည့်ရာသီဥတုရှိသည့်အတွက် နေရောင်ခြည်သုံး ဆိုလာစွမ်းအင်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါရာသီဥတုပူပြင်းသည့် ဒေသများ၌ လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ပြီး ဆောင်ရွက်မည်ဆိုပါက ဆိုလာစွမ်းအင်မှရရှိသည့် လျှပ်စစ်ဓာတ်အားဖြင့် ရေရရှိအောင် ဆောင်ရွက်၍ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ၎င်းကြောင့်ထိခိုက်နိုင်မည့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုလည်း မဖြစ်မနေ ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများကို ဝမ်းမြောက်စွာကြိုဆိုပါကြောင်း။

ငွေကြေးဖောင်းပွမှုများနှင့် ပတ်သက်၍လည်း တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းဖြင့် အဖြေရှာဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုများမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့် ပတ်သက်၍ မိမိတို့ နိုင်ငံတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေရှိပြီး နိုင်ငံတော်မှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကုန်ချောအဆင့်ထိ ထုတ်လုပ်ဆောင်ရွက်ခြင်းကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လိုပါကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းများ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်သည့်စီမံကိန်း အောင်မြင်စွာဖြစ်မြောက်စေရေး မိမိအနေဖြင့် အားပေးပါကြောင်း၊ လိုအပ်သည့် လုပ်ငန်းစဉ်များအဆင့်အလိုက် ဆက်လက်တိုးတက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေး စီမံကိန်းများ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့် ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်ပါကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အနေဖြင့် ဆွေးနွေးပြောကြားရာ၌ ယခုကဲ့သို့ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားရှိ သိုလှောင်ရုံများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စီမံခန့်ခွဲလျက်ရှိသည့် ဆူးလေဆိပ်ကမ်းတံတားနှင့် ဝါးတန်းဆိပ်ခံတံတားများသို့ ရောက်ရှိပြီး ကုန်တင်၊ ကုန်ချလုပ်ငန်းများနှင့် ဆိပ်ကမ်းရှိ သိုလှောင်ရုံများတွင် ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ကုန်စည်များလုံခြုံမှုရှိစေရေး**

ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာချုပ်က သိုလှောင်ရုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေ နိုင်ငံတော်နှင့်ဌာန ဝင်ငွေရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ မြန်မာ့လယ်ယာထွက်ကုန်ပို့ကုန်များ ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့ရာတွင် ဆူးလေဆိပ်ကမ်းတံတားကို အဓိကထားသုံးစွဲကြရသည်ဖြစ်၍ ဆူးလေဆိပ်ကမ်းတံတားအနေဖြင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေး အလေးထားဆောင်ရွက်ကြရန်၊ ကုန်စည်များ တင်ပို့ရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေး အလေးထား ဆောင်ရွက်ကြရန်၊ ဆိပ်ကမ်းလုပ်ငန်းသည် နိုင်ငံ့လူမှုစီးပွားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်ရာ ဌာနပိုင်၊ ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားများ ကြံ့ခိုင်ကောင်းမွန်နေစေရေးအတွက်လည်း စဉ်ဆက်မပြတ် စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်၊ ဆိပ်ကမ်းဧရိယာအတွင်း လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဆူးလေဆိပ်ကမ်း အမှတ်(၁)၊ (၂)၊ (၃) တွင် ရော်ဘာ Fender တပ်ဆင်နေမှုများအား စစ်ဆေးကြည့်ရှုပြီး အရည်အသွေးကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာဆိပ်ကမ်းဖြစ်၍ နိုင်ငံခြားအလံတင်သင်္ဘောများ အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းမတော်ဆိပ်ကမ်းဧရိယာသို့ရောက်ရှိပြီး မြန်မာ့မီးရထား ဝါးတန်းကုန်ရုံရှိ သိုလှောင်ရုံများနှင့် မီးရထားလမ်း အခြေအနေများကို လည်းကောင်း၊ ပြည်တွင်းခရီးစဉ်ရေယာဉ်များ ဆိုက်ကပ်သည့် ဆိပ်ခံဖောတံတားများ၊ ရန်ကုန်မြစ်တစ်ဖက်ကမ်းသို့ သွားလာသည့် သမ္ဗန်ဆိပ်များနှင့် ဆိပ်ကမ်းသိုလှောင်ရုံများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ပြည်လည်သုံးသပ်ချက်များအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရာထူးဝန်အဖွဲ့က ရာထူးအဆင့်အလိုက် သတ်မှတ်ထားသော သင်တန်းများအပြင် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးတိုးမြှင့်ပေးရန် လျာထားသူများအား ယင်းအဆင့်နှင့် လျော်ညီစွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်သည့် အရည်အသွေးများ ရှိစေရန်အတွက် အခြားသောဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးတာဝန်အတွက် ရည်ရွယ်ဖွင့်လှစ်သော အဆင့်မြင့်သင်တန်းများကိုလည်း တက်ရောက်ရန် လိုအပ်မည်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်လိုခြင်းဖြစ်ကြောင်း။

**ညှိနှိုင်းဆွေးနွေး**

၎င်းဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းဖြင့် ရေရှည်အားဖြင့် ဝန်ထမ်းအဖွဲ့အစည်းတွင် အကျိုးရှိမည်ဖြစ်ပြီး တည်ငြိမ်သည့် ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာစေရန် သင်တန်းနှင့် ရာထူးတိုးမြှင့်ခြင်းကို ဆက်စပ်ပေးထားခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) သည် နိုင်ငံတော်အတွက် ပြဋ္ဌာန်းရန် လိုအပ်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။



**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကမ္ဘာ့ရေးရာဆိုင်ရာ အိန္ဒိယကောင်စီ (ICWA)၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် နိုဝင်ဘာ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## တရုတ် - မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြမည်

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် တရုတ် – မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများဖြင့်စုဖွဲ့၍ တက်ရောက်ကြမည် ဖြစ်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးမှသည် ပိုမို တိုးတက်အောင်မြင်မည့် နွေးထွေးသည့် တရုတ် – မြန်မာ ဆက်ဆံရေး" Video Clip ကို ပြသသည်။

**ယဉ်ကျေးမှုဖလှယ်ရေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် ယခု မိမိဦးစီးပြီး တရုတ် – မြန်မာ ယဉ်ကျေးမှု ဖလှယ်ရေးအတွက် စုစုပေါင်း အင်အား ၄၈ ဦး သွားရောက်ကြမည် ဖြစ်ရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးအတွက် အထောက်အကူပြုမည်ဖြစ်၍ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် ခရီးစဉ်စတင်သည်မှ ပြန်လည်



ရောက်ရှိသည်အထိ မိမိတို့၏ အစဉ်အလာရှိပြီးဖြစ်သော မြတ်နိုးဖွယ် မြန်မာ့ယဉ်ကျေးမှုကို ပြသမည်၊ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် တစ်ဖက်တစ်လမ်းမှပါဝင် ဆောင်ရွက်သွားမည် ဆိုသည့် စိတ်ဓာတ် မွေးမြူကြစေလိုပါကြောင်း။

တရုတ် – မြန်မာ နှစ်နိုင်ငံ ပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုနှင့် နားလည်မှုများ မြှင့်တင်နိုင်ရန်၊ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ ထူးခြားကြွယ်ဝသည့် ခရီးသွားလုပ်ငန်း အရင်းအမြစ်များကို မြှင့်တင်နိုင်ရန် ယခုကဲ့သို့ အခမ်းအနားများကျင်းပ၍ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေးများကို မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံ ပြည်သူများအကြားတွင် ကူးလူးဆက်ဆံ ဖလှယ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက် နက်ရှိုင်းမှုများ ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရီးစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများက မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တရုတ် – မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်၏ ပုဂံနှင့် တွေ့ဆုံခြင်း အခမ်းအနားတို့တွင် ကပြဖျော်ဖြေ တင်ဆက်ကြမည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မှုံရွှေရည် "ယိမ်းအက၊ "စံတော်ချိန်" တီးလုံးအကနှင့် "မလေးလက်ခတ်သံ" တေးသီချင်း သရုပ်ဖော် အကတို့ဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက "ပုဂံ" အက၊ "ရုပ်သေးကြိုးဆွဲ"၊ "ကမျိုးစုံစွာ ပတ်မဆစ်တစ်ရာ" ယိမ်းအကနှင့် "လှမ်းခဲ့ပေ့ါမန္တလာမြေ" ယိမ်း အကတို့ဖြင့်လည်းကောင်း ဝတ်စုံပြည့်ဖြင့် သရုပ်ပြ ဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်တွင် ဆွေးနွေးပြောကြားရမည့် အချက်များ၊ ဖျော်ဖြေတင်ဆက်ရမည့် အချက်များနှင့် ခင်းကျင်းပြသရမည့် အချက်များကိုအသေးစိတ်ဆွေးနွေး မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် (၄) ကြိမ်မြောက် တရုတ် – မြန်မာ Twin City မီဒီယာဖိုရမ်၏ ပုဂံနှင့် တွေ့ဆုံခြင်း အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာယွန်းထည်များနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသမည့် ခရီးသွားရှုခင်း ဓာတ်ပုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ စီစဉ်ကျင်းပမည့် ၂၀၂၄ ခုနှစ် တရုတ်– မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားနှင့် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၇ ဦး စုစုပေါင်း ၄၈ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ရေး**

ယင်းအစီအစဉ်တွင် ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း၊ တရုတ် – မြန်မာ စိုက်ပျိုးရေး အရည်အသွေးသစ်ကုန်ထုတ်စွမ်းအင် တီဗွီအစီအစဉ် အတူတကွ ဖန်တီးရေး၊ မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်– မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ် ဂန္ထဝင်စာပေများ အပြန်အလှန် ဘာသာပြန်ဆို ထုတ်ဝေရေး၊ တရုတ် – မြန်မာခရီးသွားထွက်ကုန်မိတ်ဆက်ခြင်း၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုး ဆောင်ရွက်ကြမည့်အပြင် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ့ရိုးရာအကအလှနှင့် ရုပ်သေးအကတို့ဖြင့် တင်ဆက်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ရာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်သဘောပေါက်မှုများ ပိုမိုတိုးမြှင့်စေပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မြဲစေရန် အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးတွင် သံအမတ်ကြီး(ငြိမ်း) ဦးစံလွင် စတင်တာဝန်ထမ်းဆောင်

**နေပြည်တော် နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ သံအမတ်ကြီး (ငြိမ်း) ဦးစံလွင်သည် အာဆီယံ လူမှု–ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဒုတိယ အတွင်းရေးမှူးချုပ် ရာထူးကို နိုဝင်ဘာ ၁ ရက်မှစတင်၍ တာဝန်ထမ်းဆောင်လျက် ရှိကြောင်း သိရသည်။

အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာကောင်ကင်မ်ဟွန် က သံအမတ်ကြီး (ငြိမ်း) ဦးစံလွင်အား အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ နိုဝင်ဘာ ၁ ရက်က တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ကျမ်းသစ္စာကျိန်ဆိုသည့်အခမ်းအနား ကျင်းပပြုလုပ်ကာ အာဆီယံအတွင်းရေးမှူးချုပ်က လူမှု–ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်အောက်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

သံအမတ်ကြီး(ငြိမ်း) ဦးစံလွင်သည် အာဆီယံ လူမှု–ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ဒုတိယ အတွင်းရေးမှူးချုပ်အဖြစ် ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ (၃) နှစ်တာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

**သတင်းစဉ်**



(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ဂုဏ်ပြုဆောင်းပါး

# ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ

နေနေနိုင်ရည်၊ သန္တာဝင်း၊ မိုးမိုးသန်း၊ ရီရီစန်း(တိုင်းရင်းဆေးပညာဦးစီးဌာန)

### တိုင်းရင်းဆေးညီလာခံခရီးစဉ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၂၃) ကြိမ် ခရီးကိုရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဤညီလာခံခရီးစဉ်တစ်လျှောက်တွင် တိုင်းရင်းဆေးပညာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ တိုင်းရင်းဆေးနှင့် နီးနွယ်ပညာရှင်များ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ပြည်သူလူထုကြားတွင် တိုင်းရင်းဆေးကို ပိုမိုအားကိုးအားထားပြုလျက်ရှိကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ပြည်သူလူထု၏ အားပေးမှုနှင့်အတူ နိုင်ငံတော်ကလည်း တိုင်းရင်းဆေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှ အားပေးမြှင့်တင်ပေးလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကြီးသည် (၂၃)ကြိမ်မြောက်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (Myanmar International Convention Center– 2 (MICC–2) တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အဆင့် ကျင်းပမည်ဖြစ်ပါသည်။

### အနှစ်သာရရှိစွာ တိုင်းရင်းဆေးညီလာခံမှာတွေ့ဆုံကြ

ဤကဲ့သို့ (၂၃)နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးနှင့် နီးနွယ်ဆက်စပ်ရာဌာနများနှင့် အသင်းအဖွဲ့များမှပညာရှင်များအနေဖြင့် တိုင်းရင်းဆေးညီလာခံကြီးတွင် တစ်နှစ်တစ်ကြိမ်တွေ့ဆုံခွင့်ရရှိကြသည်။ (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေးအသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုး တိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန်စသည့် အနှစ်သာရရှိသော ရည်ရွယ်ချက်များဖြင့် ကျင်းပကြမည်ဖြစ်ပါသည်။

ထို့ပြင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ၊ နီးနှောဖလှယ်ပွဲများကိုလည်း ညီလာခံနှင့်အတူ တစ်ဆက်တည်း ကျင်းပခဲ့ကြပါသည်။ ညီလာခံနှင့်နီးနှောဖလှယ်ပွဲတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးခွင့်၊ ညှိနှိုင်းခွင့်၊ ပညာရပ်ဆိုင်ရာဖလှယ်ခွင့်များ ရရှိကြနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဝါရင့်ဆေးဆရာကြီး၊ ဆရာမကြီးများက မျိုးဆက်သစ်ဆရာ ဆရာမများကို လက်ဆင့်ကမ်းအမွေပေးနိုင်မည့် အခွင့်အရေးများလည်း ရရှိမည်ဖြစ်သောကြောင့် မျိုးဆက်သစ်ဆေးဆရာများအတွက် ပညာအမွေဆက်ခံခွင့်ရရှိနိုင်သော အကျိုးကျေးဇူးများကိုပါ ရရှိစေမည်ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရခြင်းသည် အနှစ်သာရအားဖြင့် တိုင်းရင်းဆေးသမားတော်များက တိုင်းရင်းဆေးဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမို၍ကျယ်ကျယ်ပြန့်ပြန့် စောင့်ရှောက်မှုပေးနိုင်ရေးသည် အဓိကဖြစ်ပါသည်။

### တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ညီလာခံအဆိုအထောက်များ

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးသော အဆိုပြုချက်များ တင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ကြမည်ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာတမ်းရှင်များက တိုင်းရင်းဆေးပညာဆိုင်ရာ ရိုးရာကုထုံးနည်းစနစ်နှင့် ဆေးဝါးဆိုင်ရာစာတမ်းများဖတ်ကြား၍ ဆွေးနွေးကြမည်ဖြစ်ပါသည်။

### နိုင်ငံတော်၏ပံ့ပိုးမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာလမ်းကြောင်းများ

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှစ်စဉ်ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်အတွက်၊ မြန်မာ့ဆေးဆရာပညာရှင်များအတွက်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် တန်ဖိုးကြီးမားသည့် မှတ်တိုင်များဖြစ်ပါသည်။ ညီလာခံကျင်းပခြင်းဖြင့် မြန်မာပြည်သူများအား အရည်အသွေးပြည့်ဝသော မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာကုထုံး၊ ဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လာပြီး ပြည်သူများက ပိုမိုယုံကြည်အားကိုးလာကာ မိမိတို့၏ ဘိုးဘွားအမွေအနှစ် အမျိုးသားဆေးပညာကို လေးစားတန်ဖိုးထားလာကြပြီဖြစ်ပါသည်။

> ❖ **မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှစ်စဉ်ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်အတွက်၊ မြန်မာ့ဆေးဆရာပညာရှင်များအတွက်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် တန်ဖိုးကြီးမားသည့် မှတ်တိုင်များဖြစ်ပါသည်။ ညီလာခံကျင်းပခြင်းဖြင့် မြန်မာပြည်သူများအား အရည်အသွေးပြည့်ဝသော မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ကုထုံး၊ ဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်လာပြီး ပြည်သူများက ပိုမိုယုံကြည်အားကိုးလာကာ မိမိတို့၏ ဘိုးဘွားအမွေအနှစ် အမျိုးသားဆေးပညာကို လေးစားတန်ဖိုးထားလာကြပြီဖြစ်**
>
> ❖ **နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ကြခြင်း၊ ဆေးဝါးများကို အပြန်အလှန် ကူးသန်းရောင်းဝယ်ကြခြင်းများ ပြုလုပ်နိုင်ရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များကလည်း မျက်ခြည်မပြတ် ဆန်းစစ်လေ့လာကြပြီး မြန်မာ့ဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေးဝါးများ အစဉ်အမြဲ အဆင့်အတန်းမီရေး ကြိုးပမ်းအားထုတ်လျက်ရှိ**

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအဆက်ဆက်က ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားပြီး ပံ့ပိုးဆောင်ရွက်ပေးခြင်းလည်း ဖြစ်ပါသည်။ နိုင်ငံတော်၏ အားပေးမှုနှင့်အတူ တိုင်းရင်းဆေးပညာရှင်များကလည်း ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ကျန်းမာရေးကို အစဉ်စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါတွင်လည်း ပြည်သူလူထုကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းစသည်တို့သည် မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမဏ္ဍိုင်ကြီးများ ဖြစ်ကြပါသည်။

ယခုအချိန်တွင် မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဒီဂရီဘွဲ့ရအဆင့်၊ တိုင်းရင်းဆေးပညာမဟာဘွဲ့အဆင့်မှ တိုင်းရင်းဆေးပညာပါရဂူဘွဲ့အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးသို့ အဆင့်ဆင့်တက်လှမ်းနေပြီဖြစ်ပါသည်။ ထို့ပြင် တိုင်းရင်းဆေးဝါးများကို အရည်အသွေးစိတ်ချရပြီး ဆေးအချိန်အဆမှန်ကန်စွာဖြင့် အာနိသင်ရှိသော ဆေးဝါးများဖြစ်စေရေးအတွက် စနစ်တကျထုတ်လုပ်လာကြပြီလည်းဖြစ်ပါသည်။ ယခုအခါ မြန်မာ့တိုင်းရင်းဆေးပညာသည် အဆင့်မီဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ မှန်မှန်လျှောက်လှမ်းလျက်ရှိနေပြီဖြစ်ပါသည်။

### နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ

တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်ဆေးပညာရပ်ဖြစ်သည် သာမက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍများနှင့်လည်း အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်) စတက်၊ မဲခေါင်စသော အဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာလုပ်ငန်း၊ တိုင်းရင်းဆေးဝါးများမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း၊ စံချိန်စံညွှန်းများ ညှိနှိုင်းသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်း၊ သုတေသနဆိုင်ရာလုပ်ငန်းများ၊ ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများစသည်တို့နှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ရင်ပေါင်တန်း၍ လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ကြခြင်း၊ ဆေးဝါးများကို အပြန်အလှန် ကူးသန်းရောင်းဝယ်ကြခြင်းများ ပြုလုပ်နိုင်ရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များကလည်း မျက်ခြည်မပြတ် ဆန်းစစ်လေ့လာကြပြီး မြန်မာ့ဆေးပညာ၊ မြန်မာ့တိုင်းရင်းဆေးဝါးများ အစဉ်အမြဲ အဆင့်အတန်းမီရေး ကြိုးပမ်းအားထုတ်လျက်ရှိကြပါသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံချင်း၊ လူမျိုးတစ်မျိုးချင်း၏ တိုင်းရင်းဆေးပညာရပ်များသည် အခြေခံအားဖြင့် မတူညီကြသည့်အတွက် မိမိတို့၏ တိုင်းရင်းဆေးပညာအခြေခံသီအိုရီများကို မိမိတို့၏မူပိုင်အဖြစ် ထိန်းသိမ်းကြရမည်ဖြစ်သည့် အလျောက် ယင်းအခြေခံသီအိုရီများ ခိုင်မာမှန်ကန်ကြောင်း သက်သေပြရန်အတွက်လည်း ဆေးပညာရှင်များက ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများကို အခြေခံ “စံ” ကုထုံးအဖြစ် သတ်မှတ်နိုင်ခဲ့ကြပြီး ရောဂါအမည်၊ ဆေးအမည်၊ ဆေးပင်၊ ဆေးပစ္စည်းများ၏ အမည်နာမများကို ပြည်သူအများနားလည်အောင် ဆောင်ရွက်ခဲ့ကြသလို ဆက်လက်၍လည်း အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

### ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ

တိုင်းရင်းဆေးညီလာခံကြီးသည် နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုကျင်းပမည့် ညီလာခံသို့ တက်ရောက်လာကြမည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် နီးနွယ်ပညာရှင်များအနေဖြင့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုနိုင်ကြရန် တိုက်တွန်းနှိုးဆော်ရင်း (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်စေရန် ဂုဏ်ပြုကြိုဆိုသောအားဖြင့် **“ရင်းနှီးချစ်ကြည်လက်တွဲညီ၊ တိုင်းရင်းဆေးညီလာခံဆီ”** ဆောင်းပါးကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation Report ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၅

**ဆဋ္ဌမအကြိမ် ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (BAGAN COM)အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။**

အဆိုပါ အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖိနှင့် ပုဂံဒေသ အမျိုးသား အဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (BAGAN COM) အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အချိန်မီပြီးစီးအောင်ဆောင်ရွက်**

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation Report ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီ တင်ပြနိုင်ရေးအတွက် Bagan Com အဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

ပုဂံရှေးဟောင်း အမွေအနှစ်ဒေသတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၃၇ ခု ရှိပါကြောင်း၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသနှင့် ပတ်သက်သည့် State of Conservation Report ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမတိုင်မီ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြနိုင်ရေးနှင့် တိုးပွားလာသည့် လူဦးရေအတွက် မပြီးပြတ်သေးသည့် Conceptual Regional Plan ကိုလည်း ပြီးပြတ်အောင် ဆက်လက် ရေးဆွဲရန် ယခုအစည်းအဝေး တက်ရောက်လာသူများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဆောင်ရွက်နေမှု၊ ရွှေစည်းခုံစေတီတော် Master Plan ရေးဆွဲနိုင်ရေး ဆောင်ရွက်နေမှု၊ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ State of Conservation Report ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီ တင်ပြနိုင်ရေး ဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့် တန်ဖိုးမဖြတ်နိုင်သည့် ပုဂံယဉ်ကျေးမှုအမွေအနှစ် ပြယုဂ်များကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပဉ္စမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက် ၁၉ ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ အစည်းအဝေးအမှာစာများ၊ ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်နေမှုများကို ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင်၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့် အခြေအနေများကိုလည်းကောင်း၊ ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ဓာတ်အားထုတ်ပစ္စည်းများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် ပြုပြင်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ကယားပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစောဟူးဟူးနှင့်အတူ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများကြောင့်ပျက်စီးဆုံးရှုံးသွားခဲ့သည့် ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ရုံးဝန်းအတွင်းရှိ ရုံးနှင့် ဝန်ထမ်းအိမ်ရာများပြုပြင်ရန် လိုအပ်မှုနှင့် ၃၃ ကေဗွီ ရွာတန်းရှည်ဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် ဆွိုယာဒ်အတွင်းရှိ ထရန်စဖော်မာများ၊ ဓာတ်အားလွှတ်ပစ္စည်းများနှင့် ကေဘာလ်ဝိုင်ယာကြိုးများ ဖျက်ဆီးခိုးယူခံခဲ့ရမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၃၃ ကေဗွီ ဧကေ (၅၀၀) ဓာတ်အားခွဲရုံတွင် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဓာတ်အား ပုံမှန်ပြန်လည်ရရှိရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ကြရန်၊ လျှပ်စစ်အန္တရာယ်မရှိစေရေး စစ်ဆေးဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအားလုံး လုံခြုံရေး အသိ၊ သတိဖြင့် နေထိုင်ဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကာ ဆွိုယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၁၃၂ ကေဗွီ လွိုင်ကော် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဆွိုယာဒ်အတွင်း ဓာတ်အားလွှတ် ပစ္စည်းများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီး၍ ဓာတ်အား ပြန်လည်လက်ခံ ပို့လွှတ်နိုင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လောပိတရှိ ဘီလူးချောင်း ဓာတ်အားပေးစက်ရုံသို့ သွယ်တန်းထားသည့် ရေသွယ်မြောင်းကို ရေနည်းရာသီတွင် ပြန်လည်ပြင်ဆင်ရေး၊ တောင်ကျရေများ ဓာတ်အားပေးစက်ရုံသို့ စီးဆင်းဝင်ရောက်မှု မဖြစ်ပေါ်စေရေး ယာယီရေထိန်းတမံပြုလုပ်ပြီး ရေလမ်းကြောင်းလွှဲထားမှုကို ဆက်လက်လုပ်ဆောင်သွားရမည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေသွယ်မြောင်းကို ပွင့်လင်းရာသီတွင် အမြန်ဆုံး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန်၊ ယာယီမြေထိန်းတမံကို ရေရှည်ခိုင်ခံ့မှုရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၂) ဘီလူးချောင်း ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း တောင်ကျရေ စီးဆင်းဝင်ရောက်မှုများကြောင့် ဓာတ်အားပေးစက်များ၊ ဆွိုယာဒ်အတွင်း ဓာတ်အားလွှတ်ပစ္စည်းများနှင့် လျှပ်စစ်တာဝါတိုင်များ ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေနှင့် ပြုပြင်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့် အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့ကာ စက်ရုံဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုန့်ဖုတ်နည်းအခြေခံသင်တန်း အမှတ်စဉ်(၁၁)သင်တန်းတွင် နိုင်ငံတကာမုန့်ဖုတ်နည်းအမျိုးအစား ၄၈ မျိုးကို သင်ကြားပို့ချပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဒုတိယမြောက် စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် The Establishment of Bakery & Pastry Training စီမံကိန်း၏ မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းအမှတ်စဉ်(၅)သင်တန်းဆင်းပွဲနှင့် မုန့်ဖုတ်နည်း အခြေခံသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခုသင်တန်းများကို အာဆီယံစံနှုန်းများနှင့်အညီ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး နိုင်ငံတကာ မုန့်ဖုတ်နည်း အမျိုးအစား ၄၈ မျိုးကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုကဏ္ဍအတွင်းရှိ လုပ်သားထု၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအား ကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ကျွမ်းကျင်အဆင့်ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မုန့်ဖုတ်နည်း ဆရာဖြစ်သင်တန်း အမှတ်စဉ် (၅) သင်တန်းသားများကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းပို့ချနေမှုများနှင့် လက်တွေ့မုန့်ဖုတ်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

**လွိုင်ကော် နိုဝင်ဘာ ၅**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဘူတာလမ်း ကတ္တရာကွန်ကရစ် (AC) ပေ ၃၇၇၀ လမ်းမျက်နှာပြင်ညှိ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေး၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးပလက်ဖောင်းများ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် ကတ္တရာကွန်ကရစ်ဖျော်စက်ရုံ (AC Plant) ကတ္တရာကွန်ကရစ် စက်ရုံဝင်း အတွင်း လုပ်ငန်းသုံးပစ္စည်းများထားသိုမှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသည့် လုပ်ငန်းသုံးပစ္စည်းများဖြစ်စေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရန် မှာကြားသည်။

ဆက်လက်၍ စည်သူလမ်း ၂၇၀၆ ပေ ကတ္တရာကွန်ကရစ် (AC) ခင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းလုပ်ငန်းဆောင်ရွက်မှုကို သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာလုပ်ငန်းစစ်ဆေးရေးကော်မတီများက စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းအတွင်း ရေများပြန်လည်ကျဆင်း၍ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးအတွက် ရုံးခန်း၊ ကျောင်းစာကြည့်တိုက်နှင့် စာသင်ဆောင်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကျောင်းပြန်လည်ဖွင့်လှစ်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ်က လာမည့် သီတင်းပတ်တွင် ကျောင်းပြန်လည်ဖွင့်လှစ်ရန်နှင့် ပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလအမီ ပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ယင်းနောက် လွိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ အားကိုးအားထားပြုရာ လူထုအခြေပြု ဗဟိုဌာနလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ကြိုတင်စီမံထားရန်၊ ကလေးသူငယ်များ၏ စာပေဖတ်ရှုသည့် အလေ့အထနှင့် ပေါင်းသင်းဆက်ဆံတတ်သည့် အလေ့အထများ စသည်တို့ အစပြုပျိုးထောင်သည့် ကလေးစာဖတ်ခန်းကို ပြန်လည်ပြုပြင်သွားရန်၊ ပြည်သူများ အသိပညာဗဟုသုတရရှိစေမည့် စာကြည့်တိုက်လုပ်ငန်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကျိုက်မရောမြို့၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုက်မရော နိုဝင်ဘာ ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ကော့ကလော့ကျေးရွာ အ.မ.က (လွှန်)ကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးနှင့်မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးဆောင်၍ ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့် စည်းကမ်း၊ ကျောင်းသားနှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေလေ့လာမှု၊ လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် စာအုပ်ပြပွဲနှင့် ပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ဟောပြောပွဲ တက်ရောက်လာသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

### ၆-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြု မော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




❖ *ကျောဖုံးမှ*

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

# ယှဉ်ပြိုင်မှုအလွန်ပြင်းထန်သည့် အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆန္ဒရှင်များ ဆန္ဒမဲပေး

ဝါရှင်တန် နိုဝင်ဘာ ၅

အမေရိကန်ပြည်သူများသည် ယှဉ်ပြိုင်မှုအလွန်ပြင်းထန်သည့် သမ္မတရွေးကောက်ပွဲ၌ ဆန္ဒမဲများပေးနေကြပြီဖြစ်သည်။

မဲရုံများကို နိုင်ငံအနှံ့တွင် သတ်မှတ်အချိန်များအတိုင်း ဖွင့်လှစ်ခဲ့သည်။ တောင်ပိုင်းဗားဂျီးနီးယားပြည်နယ်နှင့် အခြားပြည်နယ်များတွင် မဲရုံများကို နိုဝင်ဘာ ၅ ရက် နံနက် ၆ နာရီတွင် ဖွင့်ခဲ့သည်။

သမ္မတရွေးကောက်ပွဲ မဲပေးမှုမစတင်မီ အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်နှင့် ရီပတ်ဘလီကင်ရွေးချယ်ခံ သမ္မတလောင်း ဒေါ်နယ်ထရမ့်တို့သည် ဆန္ဒမဲများပေးခဲ့ကြသည်။

နိုဝင်ဘာ ၄ ရက်က ဟားရစ်နှင့် ထရမ့်တို့သည် ပင်ဆယ်ဗေးနီးယားပြည်နယ်သို့ သွားရောက်ခဲ့သည်။ အဆိုပါ ပြည်နယ်သည် အဓိကပြိုင်ဘက်ပြည်နယ်ခုနစ်ခုအနက် ရွေးကောက်ပွဲအမဲများဆုံး ရှိထားသည့် ပြည်နယ်ဖြစ်သည်။

ဒီမိုကရက်တစ်သမ္မတလောင်း ကာမလာဟားရစ်သည် ပြည်နယ်အကြီးဆုံးမြို့တော် ဖီလာဒဲလ်ဖီးယား၌ မိန့်ခွန်းပြောခဲ့သည်။ အမေရိကတွင် မျိုးဆက်သစ်ခေါင်းဆောင်များအတွက် အချိန်ရောက်ပြီဖြစ်ကြောင်း၊ အမေရိကန်၏ နောက်သမ္မတအဖြစ် အဆိုပါ ခေါင်းဆောင်မှုကို ကမ်းလှမ်းရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဟားရစ်က ပြောကြားလိုက်သည်။

ယခုသမ္မတလောင်းယှဉ်ပြိုင်မှုသည် သမိုင်းတွင် အခက်ခဲဆုံး ယှဉ်ပြိုင်မှုဖြစ်သည့်အတွက် ဆန္ဒမဲတစ်ခုချင်းစီတိုင်းသည် မဲအောင်နိုင်ရေးအတွက် အရေးပါကြောင်း ၎င်းက ပြောသည်။

ထရမ့်သည် ပင်ဆယ်ဗေးနီးယားလူထုတွေ့ဆုံပွဲ၌ ပါဝင်တက်ရောက်ခဲ့ပြီးနောက် မိန့်ခွန်းပြောကြားရန် မီချီဂန်ပြည်နယ်သို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

လွန်ခဲ့သော လေးနှစ်ကျော်ကာလအတွင်း အမေရိကန်ပြည်သူများသည် ကပ်ဘေးကြီးတစ်ခုပြီးတစ်ခုကြုံတွေ့ခံစားခဲ့ရကြောင်း၊ ဟားရစ်လက်ထက်တွင် လူနေမှုစရိတ်များ ကြီးမြင့်လာပြီး ပြည်တွင်း၌ စီးပွားရေးဒုက္ခ၊ နိုင်ငံခြားတွင် စစ်ပွဲနှင့် ပရမ်းပတာ အခြေအနေများ ဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ အခြေအနေကို အဆုံးသတ်ရတော့မည် ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် ပထမဆုံးမဲရုံ ပိတ်လိုက်သည့်အချိန်မှစကာ မဲရေတွက်မှုများ စတင်မည်ဖြစ်သည်။ အင်န်အိတ်ချ်ကေ




## နိုင်ငံတကာလေကြောင်းပြပွဲတွင် ရုရှားနိုင်ငံ၏ နောက်ဆုံးပေါ် Su-57 ကိုယ်ပျောက်တိုက်လေယာဉ်ကို ပြသသွားမည်



ကွမ်တုန် နိုဝင်ဘာ ၅

တရုတ်နိုင်ငံ တောင်ပိုင်းတွင် ပြုလုပ်မည့် နိုင်ငံတကာ လေကြောင်းပြပွဲ၌ ရုရှားနိုင်ငံ၏ နောက်ဆုံးပေါ် Sukhoi Su-57 ကိုယ်ပျောက်တိုက်လေယာဉ်ကို ပြသမည်ဖြစ်ကြောင်း တရုတ်စစ်ဘက်က ပြောကြားလိုက်သည်။

နိုင်ငံတကာ လေကြောင်းပြပွဲကို ကွမ်တုန်ပြည်နယ် ဂျူဟိုင်းမြို့၌ နိုဝင်ဘာ ၁၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ အဆိုပါ လေကြောင်းပြပွဲတွင် တရုတ်တပ်မတော်၏ တိုက်လေယာဉ်များ၊ ဒရုန်းများနှင့် စီးပွားရေးသုံးလေယာဉ်များကို ပြသသွားမည်ဖြစ်သည်။

တရုတ်တပ်မတော်က ရုရှားနိုင်ငံ၏ Su-57 ကိုယ်ပျောက်လေယာဉ် တစ်စင်းသည် ပြပွဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက်က ပြောကြားလိုက်သည်။ အဆိုပါ ကိုယ်ပျောက်တိုက်လေယာဉ်ကို လေကြောင်းပြပွဲတွင် ပထမဆုံးအကြိမ် ပြသသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၏လေကြောင်းပြပွဲသည် နိုင်ငံတည်ထောင်ခြင်း(၇၅)နှစ်ပြည့် နှစ်ပတ်လည်နှင့် တိုက်ဆိုင်နေကြောင်း သိရသည်။

ထို့အတူ တရုတ်နိုင်ငံ၏ နောက်ဆုံးပေါ် ကိုယ်ပျောက်တိုက်လေယာဉ် J-35 ကိုလည်း အဆိုပါလေကြောင်းပြပွဲတွင် ပြသနိုင်ခြေရှိကြောင်း လေ့လာသူများက သုံးသပ်ပြောကြားထားသည်။ အင်န်အိတ်ချ်ကေ

## နီပေါနိုင်ငံသို့ ယခုနှစ် ပထမ ၁၀လအတွင်း နိုင်ငံခြားခရီးသွား တစ်သန်းနီးပါးဝင်ရောက်

ခတ္တမန္ဒူ နိုဝင်ဘာ ၅

ယခုနှစ် ပထမ ၁၀ လအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသွား တစ်သန်းနီးပါး လာရောက်လည်ပတ်ကြောင်း နောက်ဆုံးထုတ်ပြန်သော အချက်အလက်များတွင် ဖော်ပြထားသည်။

အောက်တိုဘာလအထိ နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသွား ဝင်ရောက်သူ အရေအတွက် စုစုပေါင်း ၉၆၀၀၂၂ ဦး ရှိပြီး ယမန်နှစ်အလားတူကာလကထက် ၁၅ ဒသမ ၆၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နိုဝင်ဘာ ၅ ရက်တွင် နီပေါခရီးသွားလုပ်ငန်း ဘုတ်အဖွဲ့က ထုတ်ပြန်သော အချက်အလက်အရ သိရသည်။

အောက်တိုဘာ တစ်လတည်းတွင် နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်သူ ၁၂၄၉၃၃ ဦး ရှိပြီး ယမန်နှစ် အောက်တိုဘာလကထက် ၆ ဒသမ ၀၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ စက်တင်ဘာလ နောက်ဆုံးပတ်က မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဘေးအန္တရာယ်များကြောင့် ခရီးသွားအများစုသည် အောက်တိုဘာလအတွင်း ၎င်းတို့၏ ခရီးစဉ်များကို ဖျက်သိမ်းလိုက်ရသည်ဟု ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ ညွှန်ကြားရေးမှူး မာနီရာဂျ် လာမင်ရှဟာနီက ဆင်ဟွာသို့ ပြောသည်။

စက်တင်ဘာလ နှောင်းပိုင်းတွင် နီပေါနိုင်ငံတစ်ဝန်း မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပွားကာ လူပေါင်းရာနှင့်ချီ သေဆုံးမှု ဖြစ်ပွားခဲ့သည်။ နီပေါနိုင်ငံ၌ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားငွေ အဓိကရှာဖွေပေးသော လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။ ဆင်ဟွာ



## အာဖရိကဦးချိုဒေသ၌ စားရေရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရသူပေါင်း ၆၅ သန်းနီးပါးရှိ

နိုင်ရိုဘီ နိုဝင်ဘာ ၅

အာဖရိက ဦးချိုဒေသ၌ လူပေါင်း ၆၅ သန်း နီးပါးမှာ စားရေရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့နေကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး အာဏာပိုင်အဖွဲ့ (အိုင်ဂျီအေဒီ) တို့က နိုဝင်ဘာ ၅ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။



အဆိုပါ အရေအတွက်မှာ ဩဂုတ်လ အရေအတွက်ထက် အနည်းငယ် ကျဆင်းလာကြောင်း၊ လူပေါင်း ၆၅ သန်း အနက် ၃၆ သန်းမှာ ဂျီဘူတီ၊ အီရီထရီးယား၊ အီသီယိုပီးယား၊ ကင်ညာ၊ ဆိုမာလီယာ၊ ဆူဒန်၊ ယူဂန္ဓာစသည့် အိုင်ဂျီအေဒီအဖွဲ့ဝင်နိုင်ငံများမှ ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး၏ ထုတ်ပြန်ချက်၌ အာဖရိကဦးချိုဒေသတွင် အကျပ်အတည်းဖြစ်ပွားမှုကို ဖြေရှင်းရန် လူသားချင်းစာနာမှု အကူအညီ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံခန့် လိုအပ်လျက်ရှိကြောင်း ဖော်ပြထားသည်။ ဆင်ဟွာ

## ဆူဒန်နိုင်ငံ၌ နှစ်စဉ် ငှက်ဖျားရောဂါကူးစက်ဖြစ်ပွားသူ နှစ်သန်းမှ သုံးသန်းကြားရှိဟုဆို

ပို့ဆူဒန် နိုဝင်ဘာ ၅

ဆူဒန်နိုင်ငံ၌ နှစ်စဉ် ငှက်ဖျားရောဂါ ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ နှစ်သန်းမှ သုံးသန်းကြားရှိကြောင်း ကျန်းမာရေး ဝန်ကြီး မိုဟာမက် အီဗရာဟင်က နိုဝင်ဘာ ၄ ရက်တွင် ပြောသည်။



ဂေးဒရက်ဖ်ပြည်နယ် ငှက်ဖျားကာကွယ်ဆေးထိုး စင်တာတစ်ခု၌ ငှက်ဖျားကာကွယ်ဆေးထိုးနှံရန် စောင့်ဆိုင်းနေသည့် ကလေးငယ် တစ်ဦးကို တွေ့ရစဉ်။

ဆူဒန်နိုင်ငံသည် အရှေ့ပိုင်း မြေထဲပင်လယ် ဒေသတွင် ငှက်ဖျားရောဂါကူးစက်ဖြစ်ပွားမှု နှုန်း အမြင့်ဆုံးဖြစ်ကြောင်း၊ ထို့ပြင် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်းမှာလည်း အမြင့်ဆုံး ဖြစ်ကြောင်း နိုင်ငံအရှေ့ပိုင်း ဂေးဒရက်ဖ်ပြည်နယ်၏ မြို့တော် ဂေးဒရက်ဖ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မိုဟာမက်အီဗရာဟင်က ပြောသည်။

ဆူဒန်ကျန်းမာရေး ဝန်ကြီးဌာနသည် ဂေးဒရက်ဖ်ပြည်နယ်နှင့် ဘလူးနိုင်းလ်ပြည်နယ်တို့၌ ကလေးငယ်များ ကာကွယ်ဆေး ထိုးနှံခြင်း အစီအစဉ်တွင် ငှက်ဖျားကာကွယ်ဆေး ပေါင်းစပ်ထိုးနှံမှုကို နိုဝင်ဘာ ၄ ရက်တွင် စတင်လုပ်ဆောင်ခဲ့သည်။ ဆင်ဟွာ

# ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ACMECS ၏ နှစ်(၂၀) ပြည့်လွန်ကာလမှသည်

ကေအောင်(မဟာဝိဇ္ဇာ)




တစ်နေ့က နေ့စဉ်ထုတ်သတင်းစာတစ်စောင်တွင် ဘာသာပြန်ဆောင်းပါးတစ်ခု ဖတ်လိုက်ရ၏။ BRICS အဖွဲ့အစည်းနှင့် ပတ်သက်၍ ရေးထားသည့် စာဖြစ်၏။ ဒီမတိုင်ခင်က စာရေးသူအနေဖြင့် အဆိုပါ BRICS အကြောင်း အနည်းငယ်အရိပ်အမြွက်သာ သိထားခဲ့သည်။ အဆိုပါ ဘာသာပြန်ဆောင်းပါးဖတ်ပြီးမှ ထိုအဖွဲ့ကြီး၏ အနေအထားနှင့် အရေးပါမှုကို ပိုမိုနားလည်ခဲ့ရသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော အဆိုပါအဖွဲ့ကြီး၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြံဆောင်ရန်ဖြစ်ကြောင်း မှတ်သားရသည်။ အဆိုပါရည်ရွယ်ချက် ကောင်းမွန်မှုကြောင့်ပင် အဖွဲ့ဝင်အဖြစ် ပါဝင်လိုသည့်နိုင်ငံများ ရှိနေကြသည်။ တစ်ဖက်မှာလည်း မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးထိုးဖောက်ချင်နေသော နိုင်ငံများက BRICS ၏ တိုးတက်ဖြစ်ထွန်းလာမှုသည် သူတို့ကိုများ နှောင့်ယှက်ထိပါးလာမလားဟူသော သံသယဖြင့် ရှုမြင်နေကြသည်။ ထိုဆောင်းပါးကို အသေးစိတ်ဖတ်ပြီးသော် စာရေးသူ ဖျတ်ခနဲ သတိရမိသည်က BRICSနှင့်မခြား ဦးတည်ချက်ခြင်း တူညီမှုရှိသည့် စာရေးသူတို့နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသော ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Ayeyawady– Chao Phraya – Mekong Economic Cooperation Strategy– ACMECS) အကြောင်းကိုလည်း အများပြည်သူသိရှိနိုင်စေရန် မျှဝေလိုပါသည်။

ယနေ့ဆိုလျှင် အဆိုပါ ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Ayeyawady– Chao Phraya – Mekong Economic Cooperation Strategy– ACMECS)၏သက်တမ်းမှာ ဆယ်စုနှစ် နှစ်ခုကို လွန်ခဲ့ပြီဖြစ်သည်။ ထိုင်းနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဧပြီလ ၂၉ ရက်၌ ပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီး အစည်းအဝေးတစ်ခုတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် Thaksin Shinawatra က ဒေသခွဲအတွင်း စီးပွားရေးကွာဟချက်များ ကျဉ်းမြောင်းစေရန်နှင့် စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ် ထူထောင်ရေး အဆိုပြုတင်သွင်းခဲ့မှုအပေါ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့က သဘောတူလက်ခံခဲ့ကြသည်။ အဆိုပါ သဘောတူညီချက်အရ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ACMECS ၏ ထိပ်သီးအစည်းအဝေးကို ကျင်းပကာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့က နိုင်ငံ့အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ပုဂံကြေညာချက်စာတမ်း (Bagan Declaration) ကို ထုတ်ပြန်ကြေညာ၍ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(Ayeyawady– Chao Phraya – Mekong Economic Cooperation Strategy– ACMECS) ကို စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။

ACMECS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်း နိုင်ငံများ၏ နယ်စပ်ဒေသများတွင် စီးပွားရေးဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူဖြစ်စေရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကို လျှော့ချနိုင်ရန်နှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ခေါင်းပုံဖြတ်လိုခြင်းမရှိ၊ အခွင့်အရေးပိုမိုရယူလိုခြင်းမရှိသော ပွင့်လင်းမြင်သာသည့် စီးပွားရေးဖိတ်ခေါ်ယှဉ်ပြိုင်စေမှုများ အဆိုပါရည်ရွယ်ချက်တွင် ပေါ်လွင်နေသည်ကို တွေ့ရပေသည်။ တစ်နည်းဆိုသော် အပြန်အလှန်လေးစားမှုများကို ရှေ့တန်းတင်သည့် လူသားချင်းစာနာထောက်ထားမှုများကို ACMECS ၏ လုပ်ငန်းစဉ်တိုင်းတွင် တွေ့မြင်ရမည်ဖြစ်၏။

၂၀၀၄ ခုနှစ် မေလ ၁၀ ရက်တွင် အဖွဲ့ဝင်ငါးနိုင်ငံမြောက်အဖြစ် ဗီယက်နမ်နိုင်ငံ ပါဝင်လာခဲ့သဖြင့် ငါးနိုင်ငံအထိ ရှိလာခဲ့သည်။ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဟုဆိုသည့်အတိုင်းပင် ပါဝင်ကြသည့်နိုင်ငံများမှာလည်း မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။ ထို့နောက် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် ACMECS ၏ ပထမဆုံး မိတ်ဖက်နိုင်ငံများဖြစ်လာကြသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ယင်းမိတ်ဖက်နိုင်ငံများနှင့် ACMECS ကြား Inaugural အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ပူးတွဲဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Joint Development Plan) များကို အတည်ပြုသတ်မှတ်ရန် ဆွေးနွေးခဲ့ကြသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင်ပြုလုပ်သည့် အထက်ပါအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင်လည်း ACMECS နှင့် မိတ်ဖက်နိုင်ငံများအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှုစီမံချက် (Joint Development Plan – JDP) ခြောက်ခုအား အတည်ပြုထုတ်ပြန်နိုင်ခဲ့ပါသည်။

■ မဲခေါင်ဒေသတွင်း နိုင်ငံများ၏ နယ်စပ်ဒေသများတွင် စီးပွားရေးဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမိုကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူဖြစ်စေရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကို လျှော့ချနိုင်ရန်နှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ခေါင်းပုံဖြတ်လိုခြင်းမရှိ၊ အခွင့်အရေးပိုမိုရယူလိုခြင်းမရှိသော ပွင့်လင်းမြင်သာသည့် စီးပွားရေးဖိတ်ခေါ်ယှဉ်ပြိုင်စေမှုများ အဆိုပါရည်ရွယ်ချက်တွင် ပေါ်လွင်နေသည်ကို တွေ့ရပေသည်။ တစ်နည်းဆိုသော် အပြန်အလှန်လေးစားမှုများကို ရှေ့တန်းတင်သည့် လူသားချင်းစာနာထောက်ထားမှုများကို ACMECS ၏ လုပ်ငန်းစဉ်တိုင်းတွင် တွေ့မြင်ရမည်

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)နှင့် ပတ်သက်၍ ACMECS ထိပ်သီးအစည်းအဝေး (ACMECS Summit)၊ ACMECS ဝန်ကြီးများအစည်းအဝေး (ACMECS Ministerial Meeting)၊ ACMECS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ( Senior Official’s Meeting) နှင့် ACMECS ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (ACMECS Working Group on Trade and Investment Facilitation Meeting (WGTIF) တို့အား အလှည့်ကျကျင်းပပြုလုပ်လျက်ရှိသည်။

ACMECS အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဗဟုသုတအနေဖြင့် မျှဝေရမည်ဆိုလျှင် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့သော ပထမဆုံးအကြိမ် ACMECS ဝန်ကြီးများ အစည်းအဝေး (ACMECS Ministerial Meeting) ကို လက်ရှိတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိပါသည်။ ACMECS အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ( Senior Official’s Meeting) ကို လာအိုနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် လိုအပ်ချက်အရ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ ACMECS ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး (ACMECS Working Group on Trade and Investment Facilitation Meeting (WGTIF) ကို ထိုင်းနိုင်ငံ၌ ကျင်းပလေ့ရှိပြီး ယင်းအစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးကဏ္ဍနှင့် ပတ်သက်၍ ACMECS လုပ်ငန်းစီမံချက်များ၊ ဘုံစီမံကိန်းများနှင့် နှစ်နိုင်ငံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြခြင်းဖြစ်သည်။ ACMECS ထိပ်သီးအစည်းအဝေး (ACMECS Summit)ကို နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည်။ ကိုဗစ်–၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် Video Conference ဖြင့်သာ ကျင်းပခဲ့ရခြင်းဖြစ်၏။ ယခု (၁၀) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် တရုတ်နိုင်ငံ၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

ACMECS ဥက္ကဋ္ဌတာဝန်ကို နှစ်နှစ်လျှင် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများမှ အက္ခရာစဉ်အလိုက် အလှည့်ကျတာဝန်ယူကြရသည်။ ထိုသို့ ဥက္ကဋ္ဌတာဝန်ယူချိန်အတွင်း ACMECS ထိပ်သီးအစည်းအဝေး၊ ACMECS အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ ဘဏ္ဍာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ACMECS ပူးပေါင်းဆောင်ရွက်မှု

*စာမျက်နှာ ၁၅ သို့*

# သာယာအေးချမ်း ပွင့်သောပန်းများသို့

❖ လေပြေလေညင်း၊ တိုက်ခတ်ခြင်းနှင့်
မိုးကင်းလေလွတ်၊ သီတင်းကျွတ်ပြီး
ထွတ်မြတ်ထားရာ၊ ဗုဒ္ဓဘာသာတို့
သာယာချမ်းမြ၊ တန်ဆောင်လဝယ်
လှူကြတန်းကြ၊ ကထိန်က၍
များလှပြည်သူ၊ ပြုံးပျော်တူရင်း
ကူညီဖေးမ၊ သဒ္ဓါလှလျက်
စေတနာထား၊ မေတ္တာအားကြောင့်
များစွာပီတိ ဖြစ်ရ၏...။

❖ ထိုခါကာလ ၊ နိုဝင်ဘာလလည်း
ကျစနှင်းမှုန်၊ ရစ်သိုင်းခြုံကာ
တုန်ရီအေးမြ၊ ချမ်းလွန်းလှပြီး
မျှတရာသီ၊ ဆောင်းကိုမှီလျက်
လည်သည်ပတ်ကြ၊ သွားလာကြနှင့်
လမြတ်အခါ၊ ကျရောက်လာသည့်
ဌာနနှစ်ပတ်လည်၊ ဂုဏ်ယူဖွယ်တည့်
နောင်ဝယ်မျိုးဆက်၊ ကမ်းလင့်လျက်ဖြင့်
တက်ကြွအားမာန် ဖွဲ့စိတ်သန်...။

❖ ခြောက်ချက်ကျင့်စဉ်၊ မြင်ငါးမြင်နှင့်
အစဉ်ရွတ်ထား၊ မိဋ္ဌာန်အားပြင်
မြင့်မားစွမ်းရည်၊ မူဝါဒညီစွာ
ရပ်တည်စွမ်းအား၊ လက်ကိုင်ထားရင်း
များစွာဝန်တာ၊ ကျေပွန်စွာဖြင့်
ထမ်းကာလာသည်၊ နှစ်ကြာပြီတည့်
စီမံအုပ်ချုပ်၊ ကြိုးစားလုပ်လျက်
အားထုတ်သတ်မှတ်၊ စံငါးရပ်ပြင်
တတ်အပ်ပညာ ထိုးထွင်းကာ...။

❖ ရပ်ရွာအေးချမ်း ၊ မြို့အဝှမ်းနှင့်
လမ်းပန်းဆက်သွယ်၊ ကောင်းမွန်လွယ်အောင်
သိဖွယ်မှတ်သား၊ စွမ်းပကားဖြင့်
အားများပေါင်းစပ်၊ အရပ်ရပ်ပြင်
သတ်မှတ်ဘတ်ဂျက်၊ လွန်တိုးတက်အောင်
ရှေ့ဆက်ဦးဆောင်၊ ပိုကောင်းအောင်တွက်
မူဘောင်ချမှတ်၊ လက်တွေ့ဖတ်၍
မရပ်မနား၊ ကြိုးစားထားရင်း
ခွန်အားမြင့်တက် ခရီးဆက်...။

❖ ဆောင်းရာသီပန်း၊ ဖူးပွင့်လန်းကာ
ဖြတ်သန်းတိုက်လာ၊ လေညင်းသာထဲ
လွင့်ပါရနံ့၊ ကြိုင်သင်းပျံ့၍
သန့်သန့်ရှင်းရှင်း၊ တင့်တယ်ခြင်းနှင့်
ပန်းခင်းအလှ၊ ရှုမဝပြီ
များစွဝန်ထမ်း၊ ပြည်ချစ်ပန်းသည်
ဖြတ်သန်းလျှောက်ရာ၊ နှစ်များကြာလည်း
တာဝန်များပေး၊ အုပ်ချုပ်ရေးအား
တလေးတစား ထမ်းဆောင်သွား...။

❖ သြော်....
ရက်မြတ်မင်္ဂလာ၊ နို ၇ မှာဖြင့်
ဆုံလာကြည်နူး၊ ပျော်ရွှင်မြူး၍
ထူးခြားနေ့သစ်၊ ထပ်ဖွင့်လှစ်လျက်
နှစ်ဟောင်းကျော်လွှား၊ နှစ်သစ်များသို့
အားရဝမ်းသာ၊ ကြိုဆိုပါရင်း
သာယာချမ်းမြ၊ ပန်းအလှနှင့်
ဌာနနှစ်ပတ်လည်၊ ချစ်စဖွယ်ဖြင့်
တင့်တယ်သဇင်၊ ပန်းတော်ဝင်တို့
ပင်ယံမြင့်ဆီ ဖူးပွင့်သီ။
အလှကိုယ်စီ ဝင့်ထည်ပြီ...။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။**

**ရဲမင်းစိုး**

## နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀ တွင် ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံခြင်း နည်းလမ်းများဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀ တွင် စဉ်ဆက်မပြတ် ဆေးပညာလေ့ကျင့်သင်ကြားခြင်းအစီအစဉ်နှင့် လူအချင်းချင်းပြောဆိုဆက်ဆံခြင်း၊ ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံခြင်းနည်းလမ်းများ ဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်က ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀ ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခုတင်-၁၀၀ ဆေးရုံအုပ်ကြီးက လူအချင်းချင်းပြောဆိုဆက်ဆံခြင်း၊ ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံခြင်းများနှင့် ပတ်သက်သည့် နည်းလမ်းများ၊ နှစ်လမ်းသွား ပြောဆိုမှုများတွင် လက်ခံရယူသည့် သတင်းအချက်အလက်နှင့် နားလည်သဘောပေါက်ကြောင်း သေချာစေရန်၊ ပြန်လည်တုံ့ပြန်ပြောကြားချက်များသည် လွန်စွာအရေးကြီးကြောင်း ဆွေးနွေးပေးပြီး ဝန်ထမ်းများကလည်း ပြန်လည်မျှဝေ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအခမ်းအနားသို့ ခုတင်-၁၀၀ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ ဆေးရုံအုပ်ချုပ်မှုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များ၊ သူနာပြုကြီးများ၊ သူနာပြုများ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*စာမျက်နှာ ၁၄ မှ*

မဏ္ဍိုင် ၃ ခု၏ ညှိနှိုင်းရေးကော်မတီအစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရ၏။ လက်ရှိတွင် လာအိုနိုင်ငံသည် ၂၀၂၂ ခုနှစ်မှစ၍ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရပြီး မကြာမီကျင်းပမည့် (၁၀) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းလက်ခံမည်ဖြစ်ကြောင်း သိရှိရ၏။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပြုလုပ်ခဲ့သည့် (၆) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများ၏ လိုလားချက်အရ နေပြည်တော် ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုကြေညာချက်အရ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု၊ ပို့ဆောင်ဆက်သွယ်ရေးကွန်ရက်၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုဖူလုံရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပူးပေါင်းဆောင်ရွက်မှု စသည့် နယ်ပယ် ရှစ်ခုအား တိုးချဲ့သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြသည်။ အဆိုပါ နယ်ပယ်ရှစ်ခုအား အဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍအား ဦးဆောင်တာဝန်ယူလျက်ရှိသည်။

ယနေ့ ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည်။ ဒေသတွင်း၊ ဒေသအပြင်ဘက်ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းသဖွယ် သက်ဆိုင်ရာအစုအဖွဲ့များဖြင့် စစ်ရေး၊ စီးပွားရေး၊ သဘာဝအရေး၊ စွမ်းအင်အရေး၊ နိုင်ငံရေးအင်အားစုများကို အပြိုင်အဆိုင်တည်ဆောက်လျက် ရှိနေသည်။ မည်သို့ပင် တည်ဆောက်ကြသည်ဖြစ်စေ သူ့ဘက်ကိုယ့်ဘက် အပြန်အလှန်မျှတမှု၊ ဟန်ချက်ညီမှု၊ ရိုးသားမှုရှိကြရန် အရေးကြီးသည်။ လူတစ်ဦးတည်းမင်းမူသော ကမ္ဘာကြီးကို မည်သူကမျှ လိုလားမည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံအနေဖြင့် တသီးတခြား ရပ်တည်နေ၍လည်းမရ။ ကမ္ဘာကြီးနှင့် မျက်ခြည်မပြတ်ရန် လိုသည်။ ထို့ကြောင့် အပေါင်းအသင်း မိတ်ဆွေလိုသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ အာဆီယံ၏ အသီးအပွင့်ရလဒ်များကို ခံစားခွင့်ရခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်တွင် ACMECS ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ACMECS က ချမှတ်ထားသော ဦးတည်ချက်များအတိုင်း သက်ဆိုင်ရာကဏ္ဍများ အကောင်အထည်ဖော်မှု၏ နောက်ဆက်တွဲအကျိုးဖြစ်ထွန်းမှုများကို ခံစားခွင့်ရရှိစေခဲ့သည်။ ထို့ပြင် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့်လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းသားလူမှုဘဝများကို ဖွံ့ဖြိုးစေမည့် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Ayeyawady - Chao Phraya - Mekong Economic Cooperation Strategy-ACMECS) အဖွဲ့ကြီးသည် အပြန်အလှန်လေးစားယုံကြည်မှု၊ စာနာနားလည်မှု၊ ညီတူညီမျှ အကျိုးစီးပွားဖြစ်ထွန်းလိုမှုတို့ဖြင့် အရှိန်အဟုန်ဖြင့် ရှေ့သို့ လှမ်းချီလျက်ရှိသည်။ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံသည်လည်း အလှည့်ကျဥက္ကဋ္ဌတာဝန်ကို တစ်ကျော့ပြန် ထမ်းဆောင်ရတော့မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် အစည်းအဝေးများကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရဦးမည်ဖြစ်သည်။ နှစ် ၂၀ ပြည့်လွန်ကာလမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ACMECS အဖွဲ့ကြီးအနေဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး၊ ညီတူညီမျှရှိရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာနိုင်စေဖို့ ရည်ရွယ်ဆန္ဒပြုအပ်ပါသည်။ ။

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှုမြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**ပတ္တလား (အတီး)**

ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဇော် “မင်္ဂလာသီရိ” (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဒိုးပတ် (အတီး)**

ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဗိုလ်ထွားနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




**ဒုံမင်း (အတီး)**

ဒုံမင်း အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ ဦးမျိုးစန်း “ဇမ္ဗူတောင်ညာ” (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပတ္တလား (အတီး)**

ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနွေးနွေးထက် “ကျွန်းကျွန်း ပိုင်သ” (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဒုံမင်း (အတီး)**

ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မနေနီနီနိုင် “ရွှေမင်းဂံ” (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဒုံမင်း (အတီး)**

ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်လင်းလက်အောင် “ဖေယျာမြို့”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဂီတာ (အတီး)**

ဂီတာအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆု ပူးတွဲရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မဂျူးဂျူးအောင် “ဝေဘာဂီရိ”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ဒုံမင်း(အတီး)**

ဒုံမင်း အတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်သူဟိန်း “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**တယော(အတီး)**

တယော အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပူးတွဲ ပထမဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မသွန်းရွှေရည်လင်း “ရွှေပြည်ကြီးရော” (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပတ္တလား (အတီး)**

ပတ္တလား အတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသမီး)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင် “မှိုင်းရိပ်ကယ်တည့်” (ကြိုး) သီချင်းဖြင့် တီးခတ် ယှဉ်ပြိုင်စဉ်။




**ဒုံမင်း(အတီး)**

ဒုံမင်း အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုစန္ဒီထွန်း “ဖေယျာမြို့”(ကြိုး) သီချင်းဖြင့် တီးခတ် ယှဉ်ပြိုင်စဉ်။




**ဒုံမင်း(အတီး)**

ဒုံမင်း အတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသမီး)၌ ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဖြူမာစန်း “တောဟေဝန်လယ်” (ယိုးဒယား) သီချင်းဖြင့် တီးခတ် ယှဉ်ပြိုင်စဉ်။



**စောင်း (အတီး)**

စောင်း အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆု ပူးတွဲရရှိသည့် ဧရာဝတီ တိုင်းဒေသကြီးမှ ဒေါ်တင်နီလာဝင်း “ဇဗ္ဗူကျွန်းလုံး”(သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများ လွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၅

**နေပြည်တော်ကောင်စီနယ်မြေရှိ အရေးကြီးအဆောက်အဦများနှင့် နေရာဌာနများအား ဖောက်ခွဲဖျက်ဆီးရန်နှင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ယုတ်မာကောက်ကျစ်သည့် အကြံအစည်များဖြင့် အကြမ်းဖက်သမားများသည် အရှေ့ဘက်အရပ်မှ ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းသို့ ဒေသန္တရလုပ် Fixed Wing အချို့ စမ်းသပ်ပစ်လွှတ်ခြင်းဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်နိုင်ရန် ကြံစည်ကြိုးပမ်းလာခဲ့သည်။**

ထိုသို့ ကြံစည်ကြိုးပမ်းလာခဲ့မှုကို နေပြည်တော်ကောင်စီနယ်မြေအတွင်း လေကြောင်းလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များက လေကြောင်းရန် ကာကွယ်ရေးစနစ်များဖြင့် ကြိုတင်ထောက်လှမ်းသိရှိခဲ့ရပြီး အဆိုပါ Fixed Wing များအားလုံးကို လက်ဦးမှုရယူဟန့်တားနိုင်ခဲ့သဖြင့် Fixed Wing သုံးစင်းသည် လမ်းခရီးတွင် ပျက်ကျပျက်စီးခဲ့သည်။

ထိုသို့ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ပစ်ချဟန့်တားမှုကြောင့် Fixed Wing များ ပျက်စီးကျရောက်မှုများကို ဒေသခံပြည်သူများက သတင်းပေးပို့လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူ အန္တရာယ် မဖြစ်စေရေးအတွက် လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအနီး တစ်စင်း၊ ကြံခင်းစုကျေးရွာအနီး တစ်စင်းနှင့် နန္ဒင်းအိုင်ကျေးရွာအနီး တစ်စင်းတို့ကို ဗုံးသီးများနှင့်အတူ ရှာဖွေတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ပြည်သူများ အန္တရာယ်မဖြစ်စေရေး ဗုံးသီးများကို စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် Fixed Wing များ စတင်ပစ်လွှတ်သည့် နေရာများကို နည်းပညာအကူအညီဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါနေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။





နေပြည်တော်ကောင်စီနယ်မြေရှိ အရေးကြီးနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ရန် အကြမ်းဖက်သမားများလွှတ်တင်ခဲ့သည့် Fixed Wing များအားလုံး ဟန့်တားနိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





ဖြစ်စဉ်များတွင် လူနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# MNDAA အကြမ်းဖက်သောင်းကျန်းသူများက နမ့်လန်မြို့နယ်အတွင်းရှိ ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ





ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များအား တာဝန်ရှိသူများက သွားရောက်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်စဉ်။





အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များ ပြိုကျပျက်စီးခဲ့မှုပုံများကို တွေ့မြင်ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာများကို MNDAA အကြမ်းဖက် သောင်းကျန်းသူများက ယနေ့မွန်းလွဲပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ MNDAA အကြမ်းဖက် သောင်းကျန်းသူများသည် နမ့်လန်မြို့နယ် မန်ခိုင်ကျေးရွာနှင့် ပန်ဟိုက်ကျေးရွာများအတွင်းသို့ ယနေ့မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အသက် ၅ နှစ်နှင့် အသက် ၉ နှစ်အရွယ် ကလေးငယ်နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်များအား နမ့်လန်မြို့ရှိ တိုက်နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက် ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ သွားရောက်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် မြို့/ရွာများအတွင်း ယခုကဲ့သို့ ဒေသခံပြည်သူများ အသက်အန္တရာယ် ထိခိုက်သေကျေစေရန်ရည်ရွယ်၍ ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်မှုသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး ဒေသခံပြည်သူများက ၎င်းတို့၏ လုပ်ရပ်များကို ရွံရှာစက်ဆုပ်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက် ချေမှုန်းရေးစစ်ဆင်ရေး (Counter- Terrorism Operation) ကို ပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်တောမြို့၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုချီးမြှင့်နိုင်ရေးကွင်းဆင်းစစ်ဆေး

**အင်တော နိုဝင်ဘာ ၅**

ရှမ်းပြည်နယ် အင်တောမြို့ အုံးကွဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ (Clean and Green School Award)ဆုချီးမြှင့်နိုင်ရေးအတွက် ဆုရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များက ယနေ့နံနက် ၁၁ နာရီခွဲတွင် တတိယအကြိမ် ကွင်းဆင်းစစ်ဆေးသည်။

ဆုရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးထက်နှင့် အဖွဲ့ဝင်များက အင်တောမြို့ အုံးကွဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၏ သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အခြေခံမူလေးချက်၊ အညွှန်းကိန်း ၁၇ ချက်နှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးရာ ကျောင်းအုပ် ဆရာမကြီးနှင့် တာဝန်ရှိသူများက ကျောင်းအတွင်း Clean & Green School နှင့် စပ်လျဉ်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**အင်တော( ပြန်/ဆက်)**



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့် ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် (၂) တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များ ကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အတွက် ရန်ကုန်တိုင်းဒေသကြီးမှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ စခန်းသွင်းလေ့ကျင့်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာ့အားကစားအဆင့်အတန်း ပြန်လည်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အားကစားနည်းများ လေ့ကျင့်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးသည် အားကစားနည်းများအလိုက် သတ်မှတ်ထားသောနေရာတွင် အားကစားနည်းများကို စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးက ခရိုင်ပေါင်းစုံကာယဗလနဲ့ ကာယကြံ့ခိုင်မှုပြိုင်ပွဲကို စက်တင်ဘာလက ကျင်းပခဲ့ပါတယ်။ အဲဒီပြိုင်ပွဲက ပထမဆုရတဲ့ ကစားသမား ၁၆ ဦးကို ရွေးချယ်ခဲ့ပါတယ်။



အမျိုးသားအားကစားပြိုင်ပွဲမှာ ကာယဗလအားကစားနည်း ၁၆ နည်းပါတယ်။ အားလုံးဝင်ပြိုင်သွားမယ်။ အောက်တိုဘာ ၁ ရက်စပြီး စခန်းသွင်းလေ့ကျင့်ပါတယ်။ ရွှေတံဆိပ်ဆုအားလုံး မှန်းထားပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီမှ နည်းပြ ဦးပြည့်စုံမောင်က ပြောသည်။

ကာယဗလ ကစားသမားလေ့ကျင့်နေသူ ကိုစိုင်းသက်နောင်က "အမျိုးသားအားကစားပြိုင်ပွဲမှာ men Sport over 170 စင်တီမီတာမှာ ယှဉ်ပြိုင်သွားမှာပါ။ ဒီပြိုင်ပွဲမတိုင်ခင် သုံး၊ လေးလလောက်ကတည်းက လေ့ကျင့်ခဲ့တာပါ။ ခရိုင်ပေါင်းစုံပြိုင်ပွဲအပြီးဆိုရင် ငါးလလောက်ရှိပါပြီ။ ပြိုင်ဘက်ကစားသမားတွေကို မကြည့်ဖြစ်ပါဘူး။ ကိုယ်ဘယ်လို လေ့ကျင့်ပြင်ဆင်ရမလဲ ကောင်းအောင်လုပ်ရမယ်ပဲရှိပါတယ်။ ဒီအမျိုးသားအားကစားပွဲတော်ကတစ်ဆင့် ဆီးဂိမ်းအတွက်ပြင်ဆင်တာ ဖြစ်ပါတယ်။ ပြည်ပပြိုင်ပွဲတွေပြိုင်ချင်တယ်။ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေ ဘယ်လောက်ကောင်းသလဲဆိုတာ ချပြချင်တယ်။ ဆက်ကြိုးစားသွားမှာ ဖြစ်ပါတယ်" ဟုပြောသည်။ အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်း ၁၆ နည်း ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့မှလွဲ၍ နံနက်တစ်ချိန်၊ ညနေတစ်ချိန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**အာကာစိုး**

## အမျိုးသားအားကစားပွဲတော်တွင် သွားရောက်ယှဉ်ပြိုင်ကြမည့် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေး

**မကွေး နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၄ ရက်က မကွေးတိုင်းဒေသကြီး အားကစားကွင်းနှင့် ခရိုင်အားကစားကွင်းတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အားကစားသမားများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ ရေကောင်းရေသန့်ရရှိရေးနှင့် စားဖိုဆောင်တွင် အစားအသောက်များ သိုလှောင်/




ပြင်ဆင်/ချက်ပြုတ်ရာတွင် သန့်ရှင်းစေရန် ချက်ပြုတ်သူများအား အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## မြစ်သားမြို့နယ်၌ လူငယ်များအား စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးပြီး မထမ်းဆောင်လိုပါက ငွေကြေးဖြင့် ပြန်ရွေးခိုင်းကြောင်း သတင်းတု၊ သတင်းအမှားများ လုံ့ဆော်ဝါဒ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**




မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရိုးကန်ကျေးရွာနှင့် ရစ်ကန်ကျေးရွာတို့မှ လူငယ်လေးဦးတို့အား နိုဝင်ဘာ ၂ ရက်က စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲ ဖမ်းဆီးခဲ့ကြောင်း၊ ထို့နောက် အဆိုပါ လူငယ်များအား စစ်မှုမထမ်းဆောင်လိုပါက ငွေကျပ်သိန်း ၅၀ ဖြင့် ပြန်ရွေးယူရန် မိသားစုများထံ အကြောင်းကြားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းသည် သတင်းအမှားသာဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ အသီးသီးဖွဲ့စည်းထားရှိပြီး သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ မသမာသူအချို့နှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ကို မီးရှို့မှုများ ဆက်တိုက်လုပ်နေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**




ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက မင်းတပ်မြို့ အနောက်ရပ်ကွက် ဆည်မြောင်းရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ လူမနေသည့် အိမ်များကို လိုက်လံမီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူမနေသည့်အိမ်များကို မီးရှို့၍ ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းတု၊ သတင်းအမှားများသာဖြစ်ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများ အနေဖြင့် မင်းတပ်မြို့တွင် နေထိုင်နေကြသည့် ပြည်သူ၊ ပြည်သားများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်မည်ကို မလိုလားသဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေခြင်းသာဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

### ၅ - ၁၁ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၄၈၅ | ၄၀၇၅၀၀၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၅၃၃၂ | ၁၇၅၈၀၆၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၃၅ | ၂၉၄၀၀၀ |
| FPB | ၁၉၅၀ | ၁၉၀၀ | ၁၈၄၆ | ၃၅၀၇၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၆၅၀ | ၁၇၀၀ | ၁၁၃၀ | ၁၈၇၁၀၀၀ |
| AMATA | ၄၅၀၀ | ၄၅၀၀ | ၁ | ၄၅၀၀ |
| MAEX | ၃၂၅၀ | ၃၂၀၀ | ၁၃၁၉ | ၄၂၃၁၁၅၀ |
| MADPL (PLB) | ၃၅၀၀၀ | ၃၅၀၀၀ | ၀ | ၀ |

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၄) ကောက်ယူရေးအတွက် လုပ်ငန်းရှင်များနှင့် အကြိုရှင်းလင်းပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၅**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း(၂၀၂၄) ကောက်ယူရေးအတွက် လုပ်ငန်းရှင်များနှင့် အကြိုရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ပျဉ်းမနားမြို့နယ်မှ MSME အသင်းဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စစ်တမ်းကောက်ယူခြင်းကို နေပြည်တော်တွင် မြို့နယ်တစ်မြို့နယ်မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းပေါင်း ၈၀ ကို ကောက်ယူမည်ဖြစ်ပြီး နေပြည်တော်တစ်ခုလုံးရှိ မြို့နယ်ရှစ်မြို့နယ်၏ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကိုယ်စားပြုမည်ဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူရာတွင် လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေစေရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံမှုရှိစေရေး၊ MSME လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန်အတွက် လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်၍ မိမိတို့၏ လိုအပ်ချက်၊ အခက်အခဲများကို မှန်ကန်စွာ ဖြေကြားပေးခြင်းဖြင့် မြန်မာနိုင်ငံရှိ စက်မှုလုပ်ငန်း၏ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးစေရန် အလွန်အရေးပါသည့်အတွက် အရည်အသွေးရှိသော စာရင်းအင်းအချက်အလက်များ ရရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်က အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၄) ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ စစ်တမ်းကောက်ယူခြင်းကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုနိုင်ရန်၊ MSME လုပ်ငန်းများ၏ လိုအပ်ချက်များကိုသိရှိနိုင်ရန်၊ MSME မူဝါဒချမှတ်သူများအတွက် စာရင်းအင်းဆိုင်ရာအချက်အလက်များ ဖြည့်ဆည်းပေးနိုင်ရန်၊ MSME လုပ်ငန်းများ၏ ငွေကြေးအရင်းအနှီးနှင့် စီမံခန့်ခွဲမှုအခြေအနေများကို သိရှိနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုအခြေအနေကို သိရှိနိုင်ရန်နှင့် MSME လုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုကိုသိရှိနိုင်ရန် ရည်ရွယ်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း ၈၀ ကို နိုဝင်ဘာ ၇ ရက်မှ ၁၉ ရက်အထိ ကောက်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် အလှူရှင်များက စားနပ်ရိက္ခာနှင့် ကျောင်းသုံးပစ္စည်းများလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၅**

ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့် ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust and Investment Corporation (CITIC Myanmar) နှင့် China Foundation for Rural Development (CFRD)တို့က ငွေကျပ် ၃၆၁၅၀၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC) ၌ ကျင်းပသည်။



ဦးစွာ CITIC Myanmar မှ Deputy Managing Director ဖြစ်သူ Mr. Ma Chuanfu နှင့် CFRD မှ Program Mananger ဖြစ်သူ Ms. Yan Tianjia တို့က ရေဘေးသင့် ပြည်သူများအတွက် မေတ္တာတရားအခြေခံကာ စွမ်းနိုင်သမျှ ထောက်ပံ့ကူညီမှုပြုခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လှူဒါန်းပစ္စည်းများဖြစ်သည့် ဆန်၊ ပဲဝါလေးနှင့် ခေါက်ဆွဲခြောက်များ၊ ကျောင်းသုံးပစ္စည်းများကို နေပြည်တော်အတွင်း ရေဘေးသင့်ကျေးရွာများသို့ အလှူရှင်များကိုယ်တိုင် သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❐ *ကျောဖုံးမှ*

မြန်မာပြည်မြောက်ဘက်စွန်း ပူတာအိုမြို့သို့ ရန်ကုန်မြို့မှ သုံးနာရီကျော်ကြာ လေကြောင်းခရီးစဉ်ဖြင့် သွားလာနိုင်ပြီး ကောင်းမှုလုံစေတီတော်မြတ်၊ မလိခမြစ်အတွင်းမှ ရေလယ်နတ်ကျွန်းစေတီနှင့် ကျောက်ဖျာများ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဒေသအစားအစာများ၊ မြို့မနံနက်ခင်းဈေးနှင့် ဂါးထုဈေးတို့ကိုလေ့လာကြည့်ရှုနိုင်သော ဝန်ဆောင်မှုကို မြစ်ကြီးနားနှင့် ပူတာအိုမြို့ရှိ ခရီးသွားအေဂျင်စီများက ဝန်ဆောင်မှုပေးလျက်ရှိသည်။



“ပွင့်လင်းရာသီမှာ ခရီးသွားစနေပါပြီ။ နယ်မြေ အခြေအနေကြောင့် အင်းတော်ကြီးကန်ဒေသကို သွားတာမရှိပေမယ့် မြစ်ကြီးနားဝန်းကျင်နဲ့ ပူတာအိုရေခဲတောင် ခရီးစဉ်တွေကတော့ အစပျိုးနေပါပြီ။ ပူတာအိုမှာ ခရီးသွားအေဂျင်စီ လေးခုရှိတဲ့အတွက် ရေခဲတောင်ခရီးစဉ်တွေကို ဝန်ဆောင်မှုပေးနေပါတယ်။ ပွင့်လင်းရာသီမှာ ဒေသခံတွေ အဓိကအားထားတဲ့ စီးပွားရေးလုပ်ငန်းဟာ ရေခဲတောင်တက် ခရီးသွားဝန်ဆောင်မှုဖြစ်ပါတယ်” ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်ဦးက ပြောသည်။

ပွင့်လင်းရာသီ ရောက်ရှိချိန်တွင် ပူတာအိုမြို့၌ လေ့လာလည်ပတ်သည့် ခရီးသွားများနှင့် ရေခဲတောင်တက်ခရီးသွားများဖြင့် စည်ကားလေ့ရှိပြီး ယခုရာသီတွင် ကုန်ပစ္စည်းဈေးနှုန်းတိုးမြင့်လာမှုနှင့် သွားလာရေးအခက်အခဲအချို့ကြောင့် ယခင်ကထက် ခရီးသွားနည်းသော်လည်း ခရီးသွားအချို့ ဝင်ရောက်မှုဖြင့် ဒေသခံလမ်းပြများနှင့် အထမ်းသမားများ အလုပ်အကိုင်အခွင့်အလမ်း အသက်ဝင်လျက်ရှိသည်။

“ဒီနှစ်ရေခဲတောင် ခရီးသွားရာသီမှာ မနှစ်ကထက် ခရီးသွားနည်းနိုင်ပါတယ်။ လေယာဉ်စရိတ် အပါအဝင် အားလုံးအခက်အခဲကြောင့်ပါ။ မရောက်ရောက်အောင်လာချင်တဲ့ ခရီးသွားတွေ အနေနဲ့ ဒီလိုရာသီမှာ မဖြစ်ဖြစ်အောင် လာလည်ကြတာရှိပါတယ်။ ကျွန်တော်တို့ အေဂျင်စီတွေအနေနဲ့ ခရီးသွားရာသီမှာ ဝန်ဆောင်မှု အပြည့်အဝပေးနိုင်အောင် အားလုံး ကြိုတင်ပြင်ဆင်ထားကြပါတယ်”ဟု ပူတာအိုခရီးသွားအေဂျင်စီမှ ဦးယောဆက်က ပြောသည်။

ယခုလို ရေခဲတောင်တက် ခရီးစဉ်စတင်ချိန်တွင် ပထမဆုံးအကြိမ် တောင်တက်ခရီးသွားများအတွက် ၁၀ ရက်ခရီးစဉ်ဖြစ်သည့် ဖုန်ကန်ရာဇီရေခဲတောင်သို့လည်းကောင်း၊ ၁၂ ရက်ခရီးစဉ်ဖြစ်သည့် ဖုန်ရင်ရာဇီတောင်သို့ လည်းကောင်း ခရီးသွားအေဂျင်စီများက အကြံပြုပို့ဆောင်ပေးလေ့ရှိသည်။ ထိုသို့ဝန်ဆောင်မှုပေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ကုန်ခြောက်မျိုးစုံနှင့် အခြားလိုအပ်ချက်တို့ကို ကြိုတင်ဝယ်ယူပြင်ဆင်ခြင်း၊ အထမ်းသမားနှင့် လမ်းပြများ ကြိုတင်စုဆောင်းခြင်းတို့ဖြင့် ရေခဲတောင်တက်ခရီးသွားများ အန္တရာယ်ကင်းရှင်းစွာပို့ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ရှိပြီး နိုဝင်ဘာလမှ ဧပြီလကုန်ပိုင်းအထိ မြန်မာပြည်မြောက်ဖျားမှ ရေခဲတောင်များ၏ သဘာဝအလှနှင့် ရေခဲတောင်တက်ခြင်း အတွေ့အကြုံတို့ကို နှစ်စဉ်ခရီးသွားများ ခံစားကြလေ့ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ပူတာအိုခရီးသွားအေဂျင်စီ**

❍ *ကျောဖုံးမှ*

ပွဲချိန်ပြည့်ခါနီးတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပေးခဲ့ရသည့်အတွက် နိုင်ပွဲနှင့် ဝေးကွာခဲ့ရသည်။

အိမ်ရှင် ဖူလ်ဟမ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက် ခြိမ်းခြောက်မှုအသာနှင့်အတူ ပွဲချိန်အများစု တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။ ဘရန့်ဖို့ဒ်အသင်း၏ ရုံဖန်ရံခါ ထိုးဖောက်တိုက်စစ်ဆင်မှုများက ဖူလ်ဟမ်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့စေခဲ့သည်။

ပွဲချိန် ၂၄ မိနစ်တွင် ကွင်းလယ်ကစားသမား ဂျနက်က ဘရန့်ဖို့ဒ်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ဖူလ်ဟမ်အသင်းက ချေပဂိုးရရှိရေး ဘရန့်ဖို့ဒ်အသင်းကို တရစပ်ဖိအားပေးတိုက်စစ်ဆင် ကစားနိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်းသည် ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးကာကွယ်ထားနိုင်သည့်အတွက် သွင်းဂိုးရရှိရေး ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ဖူလ်ဟမ်အသင်းသည် ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ဝီလ်ဆင်တစ်ဦးတည်းသော သွင်းဂိုးများဖြင့် ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တာချီလိတ်နှင့် ကျိုင်းတုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

တာချီလိတ် နိုဝင်ဘာ ၅

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၄ ရက်က တာချီလိတ်ခရိုင်ရှိ ရွှေတိဂုံစေတီအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

တာချီလိတ်မြို့ ပုံလို့ဆရာတော် ဘဒ္ဒန္တပညာစာရ အဂ္ဂဓမ္မအဘိဝိသေသလဇ္ဇီပေသလ သာသနာလင်္ကာရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တာချီလိတ် မြန်မာ- ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး တံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားအဝင်အထွက် လမ်းဘေးသန့်ရှင်းသာယာမှုရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့သို့ ရောက်ရှိရာ မိုင်းဆတ် - မိုင်းခုတ် - မိုင်းဖြတ် လမ်းပေါ်ရှိ တံတားအမှတ် (၂/၉၅) သာယာအေး တံတား ပေ ၂၄၀ ပြန်လည်ပြုပြင်နိုင်ရန် တံတားအထူးအဖွဲ့ (၁၂) ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က တံတားဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြရာ **(ယာပုံ)** ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်သီလဓမ္မကုန်းသာတောရ ပဓနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ(ဝစီပိတ်ဆရာတော်)အား ဖူးမြော်ကြည်ညိုကာ အဘယရာဇမုနိဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။



ထို့နောက် ကျိုင်းတုံမြို့နယ် အမှတ်(၁)ရပ်ကွက် ဟိုနားအောက်ရွာရှိ ဒေါ်ရွှေရည်ဖူး မွေးမြူထားသော ရွှေသရဖူ နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုရာ ကျိုင်းတုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က နို့စားနွားအားတိုးဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## စစ်ကိုင်းမြို့နယ်၌ ယခုနှစ်စိုက်ပျိုးရာသီတွင် ဝါသီးနှံဧက ၁၅၆၃၀ စိုက်ပျိုးအောင်မြင်

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီချိန် ဝါသီးနှံဧက ၁၅၆၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"၂၀၂၄- ၂၀၂၅ မိုးသီးနှံစိုက်ပျိုးရာသီချိန် စစ်ကိုင်းမြို့နယ်မှာ ဝါသီးနှံဧက ၁၅၆၃၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဝါသီးနှံလျာထားဧက အနေနဲ့ ၁၈၄၀၆ ဧကဖြစ်ပါတယ်။ စိုက်ပျိုးပြီး ရာခိုင်နှုန်းအနေနဲ့ဆိုရင် ၈၂ ဒသမ ၉၂ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်။ ယမန်နှစ် ၂၀၂၃- ၂၀၂၄ မှာဆိုရင် ဝါသီးနှံဧက ၁၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ တောင်သူများ စိုက်ပျိုးရာသီချိန်အမီ အလွယ်တကူစိုက်ပျိုးနိုင်အောင် ဝါမျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို ထောက်ပံ့ပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။



စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ ရာသီချိန်အမီ သီးနှံမျိုးစုံစိုက်ပျိုးရာတွင် သီးနှံများမျိုးကောင်းမျိုးသန့် ရရှိစေရေး၊ သဘာဝမြေသြဇာများ စနစ်တကျအသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန်နှင့် စိုက်နည်းစနစ်မှန်ကန်စေရန်၊ ရိတ်သိမ်းချိန်အလွန် အလေအလွင့်မရှိစေရန်အတွက် တိုက်နယ်စိုက်ပျိုးရေးပညာရှင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးပေးကာ တောင်သူများကိုဖိတ်ခေါ်ပြီး ကျွမ်းကျင်ဝန်ထမ်းများက သင်တန်းများဖွင့်လှစ်ပေးခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇော်မြင့်နိုင်**

## ဘိုးဒေါနကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဘိုးဒေါနကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဘိုးဒေါနကုန်းကျေးရွာ၌ အရှည် ပေ ၆၂၀၊ အကျယ် ရှစ်ပေ၊ ထု ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဘိုးဒေါနကုန်းကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် အောက်တိုဘာတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

## ပေါင်မြို့နယ်၌ ကလေးငယ်များအတွက် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကျင်းပ

**ပေါင် နိုဝင်ဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းကို ယနေ့နံနက်ပိုင်းက (အမက) ကဒါဈေးကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက မိမိဘဝတိုးတက်မှု ရရှိလာအောင် စာများများဖတ်ကြရန်၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအား မတရားအလုပ်စေခိုင်းမှုမှ ကာကွယ်ရန်၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများကို ကျောင်းသား ကျောင်းသူများက လိုက်နာဆောင်ရွက်ကြရန် ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းမင်းဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၄ ရက်က ဇဝနသီဒ္ဓိရပ်ကွက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။

အောင်မျိုးဝင်း(ပြန်/ဆက်)

*❊ ကျောဖုံးမှ*

အသင်းက ဩစတြေးလျအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက ဘရူနိုင်းအသင်းကို ၁၄ ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အုပ်စုစတုတ္ထနေ့အပြီးတွင် အုပ်စု(A)တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့က သုံးပွဲစီကစား ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး မလေးရှားအသင်းနှင့် တီမောအသင်းတို့က သုံးပွဲကစား သုံးမှတ်စီရရှိကာ ဘရူနိုင်းအသင်းက ပွဲကုန်လေးပွဲကစား အမှတ်မရရှိခဲ့ပေ။ အုပ်စု (B) တွင် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဩစတြေးလျအသင်းက နှစ်ပွဲကစား တစ်မှတ်၊ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရသော်လည်း ဆီမီးဖိုင်နယ် တက်ရောက်ရန်အတွက် အင်ဒိုနီးရှားအသင်းထံမှ အမှတ်ရယူနိုင်ရန် လိုအပ်နေသည်။

အုပ်စု နောက်ဆုံးနေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် ဩစတြေးလျအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မွန်းလွဲ ၃ နာရီတွင် တီမောအသင်းနှင့် မလေးရှား

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်စဉ်။

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။
- မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

### မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

မြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် (သောကြာနေ့)ညတွင် ဘုံကထိန်နှင့် တန်ဆောင်တိုင် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"ထူးမြတ်တဲ့ကထိန်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၈-၁၁-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ထူးမြတ်တဲ့ကထိန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ယက္ကန်းသံ | ပြင်ပအဆိုရှင် |
| ၂။ | ကျန်းမာထီပေါက်နိဗ္ဗာန်ရောက် | ပြင်ပအဆိုရှင် |
| ၃။ | ရွှေမြန်မာတို့ရဲ့ကထိန်ပွဲ | ပြင်ပအဆိုရှင် |
| ၄။ | ပါရမီတော် | ပြင်ပအဆိုရှင် |
| ၅။ | ထူးမြတ်တဲ့ကထိန် | ပြင်ပအဆိုရှင် |
| ၆။ | ဆုတောင်းမေတ္တာ | ပြင်ပအဆိုရှင် |
| ၇။ | ပွဲတော်ည | ပြင်ပအဆိုရှင် |
| ၈။ | တကယ့်အလှူ | ပြင်ပအဆိုရှင် |
| ၉။ | ရိုးရာမပျက်တဲ့ဘုံကထိန် | ပြင်ပအဆိုရှင် |
| ၁၀။ | အားရဖူးမျှော်ဘုရားပွဲတော် | ပြင်ပအဆိုရှင် |

## ဘက်စုံသုံးခန်းမဆောင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများစစ်ဆေး

**မိုင်းလား နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဘက်စုံသုံးခန်းမဆောင် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ညီညီနှင့်အဖွဲ့ (၂၄) မိုင်ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျားပေ ၆၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၁ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၄ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၇၄ သိန်း အသုံးပြုဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ကျောက်တန်းမြို့နယ်၌ မရှိ၍ မလင်းသူမရှိစေရ ဆင့်ပွားသင်တန်းဖွင့်လှစ်

**ကျောက်တန်း နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် "မရှိ၍ မလင်းသူမရှိစေရ" ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၄ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ပြုလုပ်သည်။

သင်တန်းတွင် မြို့နယ်ကုသရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေက အမှာစကားပြောကြားကာ ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများကမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက တက်ရောက်လာသူများအား မျက်စိရောဂါနှင့် ပတ်သက်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## ငါးသိုင်းချောင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ငါးသိုင်းချောင်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ယနေ့နံနက်ပိုင်းက စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်၊ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်နှင့် တာဝန်ရှိသူများသည် မြို့မဈေးရှိ ဈေးဆိုင်ပိုင်ရှင်ပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် ဆောင်ရွက်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေး အသိပညာပေးခြင်းနှင့် ဈေးဆိုင်ခန်းများ၌ မီးသုံးစွဲမှုများ၊ လျှပ်စစ်မီးသုံးစွဲမှုများကို စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**


### တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းဆတ်မြို့နေ မနာထော ၁၃/မဆန(နိုင်)၀၄၅၁၄၁ ၏ဖခင် ဦးကျစီးပို(ခ)ဦးကျရှီးဘို ၁၃/မဆန(နိုင်)၀၁၆၇၄၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6330, Nissan AD Vay 12 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဝင်း ၁၂/ဥကတ(နိုင်)၀၆၈၉၅၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/23051, Honda CB 150 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝမ်ထောင်း ၁၃/ကတန(နိုင်)၁၁၃၅၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/45733, Thai Anbo–125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်တိုး ၉/မရတ(နိုင်)၀၃၁၈၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ဥတုရာသီ တောကိုမှီ၏

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 40W/77988 Honda Click 125 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (တောင်ကြီး)

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/8889 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/5162 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

### ကန့်ကွက်ရန် ရှိ/မရှိ ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်(၂-B)၊ အကွက်အမည်(ထန်းတော)၊ ဦးပိုင်အမှတ်-၂၈၀^ဆ^၊ မြေဧရိယာ(၀.၀၄၀)ဧကရှိသောမြေကို မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၄၁၆)နေ ဦးဝင်းလွင်ရှိန်မှ လူနေအိမ် အသုံးပြုရန်အတွက် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ အကျိုးသက်ရောက်ပိုင်ဆိုင်သူများသည် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကြံခင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြံခင်းမြို့

### ကန့်ကွက်နိုင်ပါကြောင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၁)၊ ပိုက်သေလည်၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀.၁၁၀)ဧကရှိ၊ ဒေါ်မြသန်း အမည်ပေါက်မြေကွက်နှင့်ပတ်သက်၍ ဦးလှကြိုင်၊ ဒေါ်မြသန်း တို့မှာ ကွယ်လွန်ပြီးဖြစ်ကာ ၎င်းတို့တွင် သားသမီးအရင်း မွေးဖွားထွန်းကားခဲ့ခြင်းမရှိပါ။ အဆိုပါမြေကွက်အား ဒေါ်အေးမြင့်(၉/ညဥန(နိုင်)၀၂၆၇၆၇)အပါအဝင် တူ/တူမ (၉)ဦး တို့ထံမှ ၃-၁၁-၂၀၂၄ ရက်နေ့တွင် စရန်ပေးဝယ်ယူပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဌေးဝင်း (၉/ညဥန(နိုင်)၀၇၅၁၇၁)

### အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့၊ မင်းကွက်(၃)ရပ်ကွက်၊ ရွှေတည်(၁)ကွက်သစ်၊ ဘလောက်-၃၊ ၅-လမ်းနေ (ဘ) ဦးသူငယ်လေး ၏သမီးဖြစ်သူ ဒေါ်ခင်ဝင်း (၇/ပတတ(နိုင်)၀၆၆၂၀၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဝင်း ၏သားဖြစ်သူ မောင်ကိုကိုလေး (ဘ) ဦးမျိုးနိုင်ဦး(၇/ပတတ(နိုင်)၁၅၇၅၃၅)သည် ဖခင်ဖြစ်သူ (ဦးမျိုးနိုင်ဦး) ကွယ်လွန်ပြီးနောက်တွင် မိခင်ဖြစ်သူ၏ ဆိုဆုံးမစကားများအား နာခံခြင်းမရှိသည့်အပြင်၊ မိခင်ဖြစ်သူအပေါ် ရန်သူသဖွယ်ပြောဆိုပြုမူလာခြင်း၊ ခြိမ်းခြောက်/အကြပ်ကိုင်လာခြင်း၊ မိခင်မကြိုက်နှစ်သက်သည့် လုပ်ရပ်များလုပ်ကိုင်လာခဲ့ခြင်းတို့ ပြုလုပ်ဆောင်ရွက်ခဲ့သည့်အတွက် နေအိမ်မှဆင်းသွားခဲ့ကြောင်း၊ ထိုသို့နေအိမ်မှဆင်းသွားပြီး နောက်တွင်လည်း မိခင်ဖြစ်သူအပေါ်တွင် အဆက်သွယ်ဖြတ်ပြီးကျန်းမာရေးမကောင်းသည့်အခါများတွင်ပင် သတင်းစကား လာရောက်မေးမြန်းခြင်းပင်မရှိဘဲ သားသမီးတို့ဝတ္တရား ကျေပွန်ခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ဝင်း မှ သားဖြစ်သူ မောင်ကိုကိုလေးအပေါ် ယနေ့ချိန်မှစပြီး အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင် သားဖြစ်သူ မောင်ကိုကိုလေး နှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး၊ ငွေကြေး အလုပ်အကိုင် အစရှိသည့် ကိစ္စများသည် မိခင်ဖြစ်သူ ဒေါ်ခင်ဝင်း နှင့်တကွ မိသားစုအသိုင်းအဝန်းတို့အကြား ပတ်သက်စပ်ယှက်မှုမရှိတော့/မသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်း (၇/ပတတ(နိုင်)၀၆၆၂၀၁) ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းထွဋ်(LL.B)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၁၂၃၇/၂၀၁၆
ပေါင်းတည်မြို့။ ဖုန်း-၀၉ ၄၅၅ ၂၀၉ ၄၄၄


## တောင်ငူမြို့၌ ရွေ့လျားစာကြည့်တိုက်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

**တောင်ငူ နိုဝင်ဘာ ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးမှ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ယနေ့နံနက်ပိုင်းက ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနသို့ သွားရောက်ငှားရမ်းပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအား သုတ၊ ရသစာအုပ်များကို တစ်ကြိမ်လျှင် နှစ်ပတ်ကြာအထိ အခမဲ့ငှားရမ်းပေးပြီး အသင်းဝင်ကတ်ပြားများ ရရှိရေးအတွက် ဆောင်ရွက်ပေးကာ ဌာနဆိုင်ရာရုံးများနှင့် အခြေခံပညာကျောင်းများသို့ အလှည့်ကျစနစ်ဖြင့် စာအုပ်စာစောင်များ လှည့်လည်ငှားပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






## တင်ဒါခေါ်ယူခြင်း

၁။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကျွန်စစ်သားလမ်းကြား၊ ပေါင်းကူးလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ(၃.၅၀၈)ဧကတွင် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ၄ ခန်းတွဲ ၆ထပ်တိုက် RC အဆောက်အအုံ(၂၀)လုံးအား ဆောက်လုပ်မည်ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့တွင် မှတ်ပုံတင်ပြီးဖြစ်သည့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ရေးဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁၁-၂၀၂၄ရက်မှ ၂၀-၁၁-၂၀၂၄ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၇-၁၁-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့)

၅။ တင်ဒါပွဲကျင်းပမည့်နေ့ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။

၆။ မြေပြင်အခြေအနေအားသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ် -၀၉-၈၉၁၈၀၃၀၆၉သို့ စုံစမ်းမေးမြန်း၍ ရုံးချိန်အတွင်း သွားရောက်ကြည့်ရှုနိုင်ပါသည်။

၇။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၃၉၉)၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၉-၈၉၁၈၀၃၀၆၉သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၃၁၊ ဦးပိုင်အမှတ် ၁၈-ခ ခဲစင်း၊ ၈၈-Bလမ်း၊ ၁၈x၁၉ လမ်းကြားရှိ ဒေါ်ခင်ရွှေ အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၁၃၆/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်မြရွှေ ၉/မနမ(နိုင်) ၀၅၂၂၇၄က ဘိုးဘအမည်ပေါက်မြေပုံ၊ ဦးပိုင်ခွဲမိန့်တို့ တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၄၆)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧက အား မြိတ်မြို့နယ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ (၁၈-၃-၁၉၉၁) ရက်စွဲပါစာအမှတ်၊ ၁၀၃/၁/၂-၄/စဝတ(မြိတ်) အရ ဦးမြင့်ဟန်၊ ဒုရဲမှူး၊ ဒု-တိုင်း ပရ၊ မြိတ် အမည်ဖြင့် အိမ်ရာမြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးထွန်းနိုင် ၆/မအရ(နိုင်) ၀၉၀၂၉၀၊ ဒေါ်စန္ဒာအေး ၆/မအရ(နိုင်)၀၀၀၅၉၈ တို့မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကော်လီတွော်အရာရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမြိတ်မြို့**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

## အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် (၂၈)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘဏ်၏သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခံမည့် ဒါရိုက်တာများကအဆိုပြုလွှာစာရင်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အထွေထွေအစည်းအဝေးမကျင်းပမီ ကြိုတင်ပေးပို့တင်ပြရမည်ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်၏ သင်းဖွဲ့စည်းမျဉ်း စာပိုဒ် (၈၄) အရ "လစ်လပ်သော ဒါရိုက်တာနေရာအတွက် အရွေးချယ်ခံရန် အစုရှယ်ယာ (၁,၀၀၀) စုနှင့်အထက် ပိုင်ဆိုင်သူသာလျှင် ဝင်ရောက် ရွေးချယ်ခံ ပိုင်ခွင့်ရှိပါသည်။ အစုရှယ်ယာ (၁,၀၀၀)စု ဟုဆိုရာတွင် အရွေးချယ်ခံမည့်သူသည် မိမိအမည်ဖြင့်အစုအနည်းဆုံး(၁၀၀)စုရှိရမည်ဖြစ်ပြီး မိသားစုတွင်လည်းကောင်း ၊ မိမိအားယုံကြည်၍ကိုယ်စားလွှဲအပ်ပေးမည့်သူ၏အစုရှယ်ယာအားလည်းကောင်း၊ ဖြည့်စွက်၍ ကိုယ်စားပြုထည့်သွင်း၍ ရွေးချယ်ခံခွင့်ရှိပါသည်။ ကိုယ်ပိုင်အစုရှယ်ယာ(၁၀၀)စုနှင့်အထက် ပိုင်ဆိုင်သူများအနေဖြင့် ဒါရိုက်တာအဖြစ်ဝင်ရောက်ရွေးချယ်ခံမည်ဆိုပါက အစုရှယ်ယာအရေအတွက် (၁,၀၀၀)စု (သို့မဟုတ်) ကိုယ်စားလှယ်လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာတို့နှင့် အတူ(၁၂.၁၁.၂၀၂၄)ရက် ၊ ညနေ(၄:၀၀) နာရီ နောက်ဆုံးထား၍ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးဘဏ် အမှတ်(၂၉၈)အနော်ရထာလမ်းနှင့်ဝါးတန်းလမ်းထောင့်၊ အမှတ်(၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်၍ အဆိုပြုလွှာဖြင့် လျှောက် ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအခန်း(၁၀)၊ ပုဒ်မ(၇၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မငယ်(၁)မှ(၈)အထိ ဖော်ပြထားသည့်အရည်အချင်းများနှင့် ကိုက်ညီရမည် ဖြစ်ပါသည်။ အဆိုပြုလွှာဖြည့်စွက်ရန် လာရောက်ပါက မှတ်ပုံတင်မူရင်း၊ လိုင်စင်ဓါတ်ပုံ(၁)ပုံနှင့်အစုရှယ်ယာပိုင်ဆိုင်မှု အထောက်အထားမူရင်းများအား တစ်ပါတည်းယူဆောင်လာပါရန်မေတ္တာရပ်ခံပါသည်။

၄။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့် အစီအစဉ်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက လိုက်နာဆောင်ရွက်ရေးဆိုင်ရာအရာရှိချုပ် ဖုန်း ၀၉-၇၉၉၈၆၇၀၀၆ သို့ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင်လမ်း၊ အမှတ်(၄၂၂)နေ ဦးခင်မောင်လတ်(ဘ)ဦးမောင်မောင် ၁၂/သဃက (နိုင်) ၁၃၇၈၄၄မှ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးပလာဇာ၊ အဆောင်စီ၊ အမှတ်(၆/အိပ်ချ်)နေ ဦးနေလင်းထွန်း (ဘ)ဦးသန်းထွန်း(ခ)ဝမ်ရှီကွမ်း ၁၃/တကန(နိုင်) ၁၄၉၆၀၇အား (၅-၄-၂၀၁၇)ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၃၆၀၈/၂၀၁၇)ဖြင့် အထူးကိုယ် စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။ ယခုအခါ ထိုအထူးကိုယ်စားလှယ်လွှဲစာသည် လွှဲအပ်ပေးသူနှင့် လက်ခံယူသူတို့အကြား ဆက်လက်သုံးစွဲရန်မလိုအပ်တော့ပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ့ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် LL.B,B.A(Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၂)**
**အမှတ်(၁၂၂၉)၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း)**
**ဖုန်း-၀၉-၉၈၂၉၃၅၉၉၁**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/5040၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက် ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက် ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ ဒေါ်ခင်စန္ဒာအောင် ၁၂/လမန(နိုင်)၁၅၁၁၉၈နှင့် ဦးသူရိန်ထွန်း ၁၂/လသယ(နိုင်)၀၇၀၆၀၃တို့သည် ၂-၁၂-၂၀၁၈ရက်မှစ၍ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ဦးသူရိန်ထွန်းသည် ၂၃-၄-၂၀၂၄ရက်မှစ၍ အိမ်မှဆင်းသွားခဲ့ပြီး ဇနီး/မယားအပေါ် ပေးကမ်းထောက်ပံ့ခြင်းမရှိခဲ့သည့်အပြင် ကျွန်မ မကြိုက်သောကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပါသဖြင့် ၃-၁၁-၂၀၂၄ ရက်တွင် တရားဝင်နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို ကျွန်မ ဒေါ်ခင်စန္ဒာအောင်မှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ခင်စန္ဒာအောင်**
**၁၂/လမန(နိုင်)၁၅၁၁၉၈**

## အမည်မှန်

ရပ်စောက်မြို့နယ်၊ မြို့ဦးရပ်ကွက်နေ ဦးနိုင်ဇော်ဝင်း (၈/ဆဖန(နိုင်)၀၈၆၅၄၈)၏သား မောင်ဖွဲ့ထက်နိုင်၏ အမည်မှန်မှာ မောင်ထက်နိုင်ဖွဲ့ ဖြစ်ပါကြောင်း။

**မောင်ထက်နိုင်ဖွဲ့**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရွှေလဝန်းကိုယ်ပိုင် အထက်တန်းကျောင်း Grade-11 မှ မောင်ဟိန်းကျော်သူအောင် ၏ ဖခင်အမည်မှန်မှာ ဦးစောဟဲ ၃/မဝတ(နိုင်)၀၇၆၉၃၉ ဖြစ်ပါကြောင်း။ **ဦးစောဟဲ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/24193 ယာဉ်လက်ဝယ်ရှိသူ ဦးရီဝေယံ ၇/ပခန(နိုင်)၄၉၃၆၈၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/37430 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထင်လင်း ၇/ညလပ(နိုင်)၀၀၀၀၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် ၉၀၇-င/၄၁၀၊ ဦးပိုင်အမှတ် ၃၀/ရန်-မန်းလမ်းအနောက်ဘက်ရှိ ဦးလေးမောင်၊ ဒေါ်မြကြည် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးလေးမောင်၊ မိခင် ဒေါ်မြကြည်၊ သား ဦးတင်ကျော်ဝင်းနှင့်ဇနီး၊ ဒေါ်ခင်သန်း၊ သား ဦးကျော်ကျော်နိုင်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီး၊ အမွေမဲမြေးများဖြစ်ကြသော ဒေါ်စက်မြင့် ၉/မရတ(နိုင်)၀၂၁၆၆၆၊ ဒေါ်ခင်သန်းဝင်း ၉/မနတ(နိုင်)၀၂၁၈၁၁၊ ဒေါ်ခင်သန်းငွေ ၉/မနတ(နိုင်)၀၂၁၈၁၂၊ ဒေါ်နုနုလွင် ၉/မနတ(နိုင်)၀၂၁၈၁၃၊ ဒေါ်နုနုယဉ် ၉/မနတ(နိုင်)၁၂၁၈၁၄၊ ဒေါ်ဟန်သူထွန်း ၉/အမဇ(နိုင်)၀၁၅၂၅၆၊ ဒေါ်ရည်မွန်ထွန်း ၉/ခအဇ(နိုင်)၀၁၈၂၃၇၊ ဦးကျော်ဝေယံဖြိုး ၉/ပကခ(နိုင်)၀၁၂၂၄၆၊ ဒေါ်ဝင်းမို့မို့ကျော် ၉/ပကခ(နိုင်)၀၁၄၄၆၄တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ၁-က မှတ်သားခွင့်ပြုပါရန်နှင့် အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဝယ်ယူမည့် Strychnine Hydrochloride(25Kg) အား မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့်တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** - ၅-၁၁-၂၀၂၄ရက်မှ ၁၈-၁၁-၂၀၂၄ရက် အထိ(ရုံးချိန်အတွင်း)
**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၈-၁၁-၂၀၂၄ရက် ညနေ ၄:၃၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီး မြို့
**တင်ဒါဖွင့်လှစ်မည့်ရက်** - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၅၂၈၃၄၅၉၁သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/2397၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/22010, Rato,M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေအောင် ၁၄/ဝခမ(နိုင်)၁၄၄၄၀၅ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၂၅၄၁၃, Honda Wave NF 110 TM ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်) ၂၉၉၆၅၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၆၈၄၅, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန္တာထွန်း ၁၀/မလမ(နိုင်)၂၃၇၉၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၆၈၃၉, ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့နိုင်စေရန် လက်ကမ်းစာစောင်များ၊ ဆေးရောင်စုံခြယ်စာအုပ်များနှင့် လက်ဆွဲအိတ်များဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ ထုတ်ယူရမည့်** – ၆-၁၁-၂၀၂၄ရက်
**နေ့ရက်နှင့်အချိန်** (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ နောက်ဆုံးထုတ်ယူ** – ၁၁-၁၁-၂၀၂၄ရက်
**နေ့ရက်နှင့်အချိန်** (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံး** – ၁၈-၁၁-၂၀၂၄ရက်
**တင်သွင်းရမည့်နေ့ရက်နှင့်အချိန်** (ရုံးချိန်အတွင်း)
တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)အမှတ်(၄၂)၊ စတုတ္ထအထပ်၊ ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းများ အသေးစိတ်အား သိရှိရန် ဖုန်းနံပါတ် – ၀၁-၃၉၂၀၂၈~ ၃၀ (လိုင်းခွဲ-၁၁၉)၊ ၀၉-၉၆၂၃၀၄၇၁၆၊ ၀၉-၂၅၈၄၁၄၁၅၁ ဖုန်းပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သပိတ်ကျင်းမြို့နယ်၊ အလက(ခွဲ)ရှားတောမှ မူအုပ်တာဝန်ထမ်းဆောင်နေသော ဦးဝင်းကို၏ ဖခင်အမည်မှန်မှာ အမှုထမ်းစာအုပ်တွင် ပါရှိသော ဦးအုန်းဖေနှင့် အခြေခံပညာအဆင့်မြင့်တန်းစာမေးပွဲလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင်ရှိသော ဦးအုံးဖေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုန်းဖေ(ခ)ဦးအုံးဖေ TZE-၀၃၁၄၁၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းတောင်ရပ်ကွက်၊ အိမ်အမှတ်(၇၁)နေ ဒေါ်ထွယ်ဆန်ဘူ ၁/ကမန(နိုင်) ၀၃၂၃၈၁၏ ဖခင် ဦးနော်ဂရောင်၊ ဦးဂျိုင်ဝါဂရောင်နှင့် ဦးဂျိုင်ဝါဂရောင်းတို့သည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဖားကန့်မြို့၊ မော်ဝမ်းရပ်ကွက်နေ ဒေါ်ဂျာဘောက်မိုင် ၁/ကမန(နိုင်) ၀၃၄၅၅၅၏ ဖခင် ဦးနန်တူး နှင့် ဦးတူးနန်သည် အမည်(၂)မျိုးကွဲလွဲ နေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကော့ပနော‌ကျေးရွာနေ ဦးအောင်ဆန်းတင်၏သား မောင်ဖြိုးဝဏ္ဏအောင်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၃-၃-၂၀၀၆ ဖြစ်ပါကြောင်း။

**မောင်ဖြိုးဝဏ္ဏအောင်**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးဘစိုး၏သား ဖြစ်သူ ဦးပိုင်ထက်ဦး ၁၂/ဥကမ(နိုင်) ၂၀၁၈၂၁၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-563139)နှင့် CDC – 96671သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၄၃၁၇၇၁၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၅၀/ဦးပိုင် ၁၆ အနောက်ခြမ်းခဲစင်း/၃၉x၄၀လမ်းကြား၊ ၅၃x၅၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စိန်လှဖြူ ၁၂/ရကန(နိုင်)၀၁၆၆၃၄က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

